# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၃၂)၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ ၁-၁၁-၂၀၂၄၊ သောကြာနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃၁

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ICRC က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် ICRC ဒုတိယဌာနေကိုယ်စားလှယ် Mr. Jan Miskoc တို့ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့အား တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (MTF)ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌက အဖွဲ့ချုပ်ဖွဲ့စည်းမှု၊ အသင်းအဖွဲ့မှတ်ပုံတင်ရရှိမှု၊ အဖွဲ့ချုပ်အနေဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် ဘေးအန္တရာယ်တုံ့ပြန်ရေးလုပ်ငန်းအဖွဲ့ဖွဲ့စည်း၍ ရေဘေးအကူအညီပေးရေးလုပ်ငန်းများကို နေပြည်တော်၊ တောင်ငူနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး နေပြည်တော်ရှိ ရေဘေးသင့်ကျေးရွာများ ပြန်လည်ထူထောင်ရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးကဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကိုဖွဲ့စည်း၍ ညှိနှိုင်းဆောင်ရွက်ပေးနေမှု၊ ရေဘေးကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ ရေဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ နိုင်ငံတော်၏ အစီအမံများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး (Environmental Conservation) နှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး (Disaster Risk Reduction)ဆိုင်ရာ အသိအမြင်များကို မျိုးဆက်သစ်များအနေဖြင့် ငယ်ရွယ်စဉ်ကပင် သိနားလည်ရန်



လိုအပ်နေမှုနှင့် ခရီးသွားလုပ်ငန်းအစီအစဉ်များ ဆောင်ရွက်ရာတွင်လည်း ယင်းအသိအမြင်များ တစ်ပါတည်း ပေါင်းစပ်ဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားသည်။

တွေ့ဆုံပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

## ယနေ့ ဖတ်စရာအညွှန်း


မန္တလေးတိုင်းဒေသကြီးအတွင်းမှ ဘုရားစေတီ ၂၆ ဆူ၏ သမိုင်းအချက်အလက်များ သိရှိရန် Pagoda Digital Directory များ ဆောင်ရွက်ထားရှိ စာမျက်နှာ ၁၂

အမည်ကိုဆန် နေရပ်ပြန်တော့ နဘဲမိုးလုံး ငြိမ့်လို့ကျော်(၂) (ဆောင်းပါး) စာမျက်နှာ ၁၇

မွေးကင်းစကလေးများကို အိပ်ရေးမဝလျှင် အာရုံကြောထိခိုက်ပျက်စီးစေနိုင်သည်ဟု ဆို စာမျက်နှာ ၁၉


## တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးရွာမည်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက် ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်၊ သောကြာနေ့။

မန္တလေး

# ထူးချွန်ထက်မြက်သူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးသွားရမည်

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်မောင်မယ်များကို အဆင့်မြင့်ပညာရပ်များ အခမဲ့သင်ကြားနိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း)တို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ဖွံ့ဖြိုးရေးတက္ကသိုလ်ကို စတင်ဖွင့်လှစ်ခဲ့သည့်အချိန်မှ ယနေ့အထိ မဟာပညာရေးဘွဲ့ ၁၅၆ ဦး၊ မဟာဒဿနဘွဲ့ ၃၅ ဦး၊ ပညာရေးဘွဲ့ ၄၅၈၆ ဦး၊ ဆရာအတတ်သင်ပညာဒီပလိုမာ ၉၃၂ ဦး၊ အလယ်တန်း ဆရာအတတ်သင် ၉၅၆ ဦး၊ မူလတန်း ဆရာအတတ်သင် ၇၁၆၂ ဦး၊ အထူးမူလတန်း ဆရာ အတတ်သင် ၄၆၁ ဦး စုစုပေါင်း ဘွဲ့ရပညာတတ် တိုင်းရင်းသားလူငယ် ၁၄၂၈၈ ဦး မွေးထုတ်ပေးနိုင်ခဲ့သည်။

သင်တန်းဆင်းမောင်တို့မယ်တို့ အမိတက္ကသိုလ်က လေ့ကျင့်သင်ကြားပို့ချပေးလိုက်သည့် ပညာရပ်များကို စဉ်ဆက်မပြတ် တိုးတက်မြင့်မားအောင် ကြိုးစားအားထုတ်၍ မိမိတို့ သင်ကြားပြုစုပျိုးထောင်ရမည့် ကျောင်းသားလူငယ်များအား ပြည်ထောင်စုစိတ်ဓာတ်အစဉ်ထာဝရကိန်းအောင်းရှင်သန်နေစေရေး၊ ခေတ်မီပညာရပ်များ တတ်မြောက်အောင်သာမက ဗဟုသုတ၊ အတွေးအခေါ်၊ အမြော်အမြင်များ မြင့်မားစေရေး၊ စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်ရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသည့် ထူးချွန်ထက်မြက်သူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးသွားရမည်ဖြစ်ပါကြောင်း၊ သင်တန်းဆင်းမောင်မယ်တို့အနေဖြင့် တာဝန်ကျရာဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံတိုင်းရင်းသားပြည်သူများနှင့် အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်၊ နိုင်ငံနှင့်ပြည်သူက အားကိုးအားထားပြုရသည့် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ပေးအပ်သည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)ဘွဲ့နှင်း သဘင်ခန်းမ၌ ကျင်းပသည့် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၆)သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနား၌ မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက စံပြထူးချွန်ဆု၊ ဆရာအတတ်ပညာဘာသာထူးချွန်ဆု၊ စာပေဘာသာထူးချွန်ဆု(ဝိဇ္ဇာတွဲ)၊ စာပေဘာသာထူးချွန်ဆု(ဝိပ္ပံတွဲ)ဆုရကျောင်းသူများကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က စာပေဘာသာထူးချွန်ဆု(သိပ္ပံတွဲ)၊ တိုင်းရင်းသားဘာသာ၊ စာပေနှင့် ယဉ်ကျေးမှုထူးချွန်ဆု၊ ဖွံ့ဖြိုးရေးဘာသာ ထူးချွန်ဆုရကျောင်းသူများကို လည်းကောင်း ဆုများချီးမြှင့်ပေးအပ်ခဲ့ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် စစ်ကိုင်းတိုင်းဒေသကြီး တိုင်းပညာရေးမှူးတို့က သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူ ၂၀၇ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

သို့ဖြစ်ရာ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဆိုသည့်အတိုင်း မိမိတို့တာဝန်ထမ်းဆောင်ကြရမည့် နေရာ၊ ဒေသများတွင် မိမိတို့၏ တပည့်ကျောင်းသား၊ ကျောင်းသူများကို ကျောင်းစည်းကမ်းလိုက်နာပြီး ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာတတ်သည့် အလေ့အကျင့်ကောင်းများ ကိန်းအောင်းလာစေရန်နှင့် ထူးချွန်ထက်မြက်သူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးသွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ကျောက်ဆည်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း



**ကျောက်ဆည် အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးတွင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျရောက်မည့် (၁၃၆)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့ နံနက် ၉ နာရီက ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ကျင်းပပြုလုပ်ခဲ့သည်။

စုပေါင်းသွေးလှူဒါန်းရာသို့ ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်နိုင်နှင့် ဝန်ထမ်းများ၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာကော်မတီဝင်များ တက်ရောက်ခဲ့ကြပြီး ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ (၉)ဦး၊ ကျောက်ဆည်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ (၄)ဦး၊ စဉ့်ကိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ (၉)ဦး၊ မြစ်သားမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ (၅)ဦး စုစုပေါင်းဝန်ထမ်း (၂၇)ဦးမှ စုပေါင်း သွေးလှူဒါန်းခဲ့ကြသည်။ (ဓပုံ)

သွေးလှူဒါန်းသူများ အဆင်ပြေစေရေး ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်နိုင်၊ အထွေထွေရောဂါကုပြည်သူ့ဆေးရုံအုပ်ကြီးမှ ဒေါက်တာတင်လှနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး သွေးလှူရှင်များအား အာဟာရအဖြစ် ငှက်ပျောသီး၊ အချိုရည်၊ နွားနို့များ ပေးဝေခဲ့ကြောင်း သိရသည်။

(၄၈၅)

# ပြင်ဦးလွင်မြို့တွင် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာအသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပ

**ပြင်ဦးလွင် အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့တွင် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်စေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲက အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းရှိ ချယ်ရီဆောင်ခန်းမ၌ ကျင်းပပြုလုပ်ရာ တာဝန်ရှိသူများ၊ စာပေဝါသနာရှင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်အား အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ရတနာပုံ ဆိုက်ဘာစီးတီးမှ အင်ဂျင်နီယာ သင်္ချာပါမောက္ခဌာနမှူး ဒေါက်တာ မင်းမင်းဆွေဇင်က "နေရာကျမှ နေရာရမယ်"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ ကိုရွှေအောင်သင်းက "လူငယ်နှင့် အနာဂတ်နိုင်ငံတော်"ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဟောပြောဆွေးနွေးခဲ့ကြရာ အဆိုပါ ဟောပြောချက်များနှင့် ပတ်သက်၍ တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား မေးမြန်းခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် စာရေးဆရာ ကိုရွှေအောင်သင်းက အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းစာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းပြီး စာပေဝါသနာရှင်များက မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။ **(အပေါ်ပုံ)**



ယင်းနောက် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဗဟုသုတရရှိစေရန် ရည်ရွယ်၍ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များ၊ သုတ၊ ရသစာစောင်များအား ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သွေးသွေး(ခရိုင် ပြန်/ဆက်)**

# စဉ့်ကိုင်မြို့နယ်တွင် မိုး၊ မိုးနှောင်းဝါ ကောက်ယူနေမှုအား ကြည့်ရှုအားပေး

**စဉ့်ကိုင် အောက်တိုဘာ ၃၁**



မန္တလေးတိုင်းဒေသကြီး၊ သမဝါယမဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် နတ်ရေကန်ကျေးရွာနှင့် ကံတွင်းကျေးရွာများတွင် စိုက်ပျိုးထားသည့် မိုး၊ မိုးနှောင်းချည်မျှင်ရှည်ဝါ B-31ဝါ ကောက်ယူနေမှုအား အောက်တိုဘာ ၃၀ ရက် မွန်းလွဲပိုင်းက ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ မိုး၊ မိုးနှောင်းဝါ ကောက်ယူနေမှုအား မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဌွေး၊ မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်ကြူ၊ မြို့နယ်သမဝါယမ အသင်းစုဥက္ကဋ္ဌ ဦးစိန်သောင်း၊ အတွင်းရေးမှူး ဦးညီညီဇော်နှင့် တာဝန်ရှိသူများက အသင်းသား၊ အသင်းသူ တောင်သူများ စိုက်ပျိုးထားသည့် မိုး၊ မိုးနှောင်း ဝါကောက်ယူနေမှုအား ကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ (ဓပုံ)


**ဝင်းဝင်းသန်း(စဉ့်ကိုင်)**

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော် ရုရှား-မြန်မာ စီးပွားရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၃၁

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်သည် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ ရုရှား-မြန်မာ စီးပွားရေးကောင်စီ (Russian-Myanmar Business Council-RMBC)ဥက္ကဋ္ဌ Mr. Aleksei SHUPLOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ - ရုရှား နှစ်နိုင်ငံအကြား လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုကဏ္ဍများတွင် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အထောက်အပံ့များ ပေးအပ်ရန်နှင့် အနာဂတ်တွင် ရုရှား - မြန်မာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အလားအလာကောင်းများနှင့် ပတ်သက်၍ အပြန်အလှန် အကူအညီပေးရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ရုရှားကိုယ်စားလှယ်အဖွဲ့က ရာဂီမုန်တိုင်း တိုက်ခတ်မှုကြောင့် ဖြစ်ပွားခဲ့သည့် ရေဘေးသင့် ပြည်သူများအတွက် သက်ဆိုင်ရာသို့ ဆက်သွယ်လှူဒါန်းပေးရန် အမေရိကန်ဒေါ်လာ ၅၀၀၀ ကို လှူဒါန်းခဲ့သည်။

**တာဝန်ရှိသူများ တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံးနှင့် မြန်မာ - ရုရှား ချစ်ကြည်ရေးအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ် (၁၇) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ ကျင်းပ



နေပြည်တော် အောက်တိုဘာ ၃၁

ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ် (၁၇) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါ ဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အလုပ်ခန့်အပ်လွှာပေးအပ်မည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)မှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များအား နယ်စပ်ဒေသများ၌ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တို့ကို တည်ထောင်ဖွင့်လှစ် ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) ကို စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အထိ ဝိဇ္ဇာဘွဲ့ ၅၆၀၊ သိပ္ပံဘွဲ့ ၉၈၁ ဦး၊ B.Tech ၁၃၉ ဦး၊ A.G.T.I ဒီပလိုမာ ၇၆၅ ဦး စုစုပေါင်း တိုင်းရင်းသားလူငယ် ၂၄၄၅ ဦးတို့ကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် မဟာဝိဇ္ဇာဘွဲ့ ၁၁၁ ဦး၊ မဟာသိပ္ပံဘွဲ့ ၂၁၆ ဦး၊ ပါရဂူဘွဲ့ ၃၂ ဦး၊ B.Tech ၃၄၆ ဦး၊ B.E ၆၂၅ ဦး၊ M.E ၃၄ ဦး အသီးသီး အောင်မြင်မှုရရှိခဲ့သည့်အပြင် ဘာသာရပ်အလိုက် ဆက်လက်ကြိုးစားသင်ယူဆဲ ကျောင်းသား ကျောင်းသူများရှိကြောင်း။

ပညာခေတ်ကြီးတွင် ကြီးပြင်းခဲ့ကြသူများ ဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာများကို အဆင့်မြင့်မြင့် တတ်မြောက်အောင် ဆက်လက်ကြိုးစားလေ့လာသွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လူငယ်များ၏ အဓိကစွမ်းအားစုအဖြစ် ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လူငယ်များ အနေဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်စေရေးနှင့် ဗလငါးတန်နှင့်ပြည့်စုံစေရေးစသည့် လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ၌ ပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ကြသည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအတိုင်း ကျင့်ဝတ်စည်းကမ်းတန်ဖိုးများကို သိရှိလိုက်နာပြီး လုပ်ငန်းစွမ်းဆောင်ရည်အပြည့်ဖြင့် မြင့်မားသော စိတ်ဓာတ်၊ မှန်ကန်သောခံယူချက်၊ မြင့်မြတ်သော အကျင့်စာရိတ္တကောင်းများကို လက်ကိုင်ပြု၍ အဂတိတရားကင်းရှင်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ကြိုးစားထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာဘာသာရပ်နှင့် သိပ္ပံဘာသာရပ် ထူးချွန်ဆုရရှိသူ နှစ်ဦးကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က A.G.T.I ဒီပလိုမာ ထူးချွန်ဆုရရှိသူ တစ်ဦးကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များက အလုပ်တာဝန် ခန့်အပ်လွှာများ ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် အဆိုပါကျောင်းဝင်းအတွင်းရှိ အားကစားကွင်းနှင့် ပွဲကြည့်စင်၊ ဆောက်လုပ်ဆဲ လေးထပ်အင်ဂျင်နီယာအလုပ်ရုံ၊ အိပ်ဆောင်များ၊ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ထားရှိသည့် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများနှင့် သာယာလှပရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စက်ပစ္စည်းကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၁

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၃/၂၀၂၄-၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ စက်ပစ္စည်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စက်ပစ္စည်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက ယခုအစည်းအဝေးတွင် စက်ပစ္စည်းကြီးကြပ်မှုကော်မတီသို့ ဝန်ကြီးဌာနများက တင်ပြလာသည့် ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်း အမှာစာများကို အတည်ပြုဆွေးနွေးကြမည်ဖြစ်ကြောင်း၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီသို့ တင်ပြသည့် အမှာစာများတွင် စက်မှုစတုတ္ထမျိုးဆက်ဖြစ်သည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ဆက်သွယ်ရေးနှင့် ပတ်သက်သည့် ဆက်စပ်ပစ္စည်းများ ပါဝင်လာသဖြင့် နိုင်ငံတော်အတွက် အကျိုးရှိထိရောက်စေရန် စိစစ်စစ်ဆေးနိုင်ရေးအတွက် ကော်မတီဝင်များပါ လုပ်ထုံးလုပ်နည်းရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း၊ ကော်မတီအနေဖြင့် ဝန်ကြီးဌာနများမှ အကောင်အထည်ဖော်သည့် စီမံကိန်းများအား အကျိုးရှိထိရောက်စေရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ စက်ပစ္စည်းများ ဝယ်ယူအသုံးပြုလျှင် နည်းပညာများ ရရှိရေးအတွက်ပါ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ကောင်းမွန်သည့် အထောက်အပံ့ဖြစ်စေရန် စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ မူဝါဒ၊ လုပ်ငန်းတာဝန်များနှင့်အညီ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



ထို့နောက် ဝန်ကြီးဌာနများက တင်ပြသည့် အမှာတွဲလေးစောင်ကို သက်ဆိုင်ရာကော်မတီဝင်နှင့် ဝန်ကြီးဌာနကိုယ်စားလှယ်များက ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးခြောက်မြို့နယ် သန့်ရှင်းသာယာလှပရေး စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**မန္တလေး အောက်တိုဘာ ၃၁**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ကျင်းပသည့် မန္တလေးခြောက်မြို့နယ်သန့်ရှင်းသာယာလှပရေး စာတမ်းဖတ်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၊ မြို့တော်ခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုလို ဌာနတွင်း၌ စာတမ်းဖတ်ပွဲများကျင်းပပေးခြင်းဖြင့် နိုင်ငံအတွက်၊ ဒေသအတွက် ရလဒ်ကောင်းများပေါ်ထွက်ပြီး များစွာအထောက်အကူဖြစ်ပါကြောင်း၊ စာတမ်းရှင် ခုနစ်ဦးက ဖတ်ကြားတင်ပြမှုများအပေါ် အတွေ့အကြုံများ လေ့လာမှတ်သားထားသမျှ တစ်ဦးနှင့်တစ်ဦး အပြုသဘော ဝိုင်းဝန်းဆွေးနွေးကြစေလိုပါကြောင်း၊ အမြင်သစ်ဖြင့် လေ့လာစိစစ်ပြီး မြေပြင်တွင် အမှန်တကယ် တွေ့ကြုံနေရမှုများကို ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မြို့တော်သန့်ရှင်းသာယာလှပရေးကို စီမံချက်များချမှတ်ပြီး ဆောင်ရွက်နေသော်လည်း ကြုံတွေ့နေရသည့် အားနည်းချက်များကို သုံးသပ်ကာ သန့်ရှင်းသာယာသော ပတ်ဝန်းကျင်များ ဖြစ်ပေါ်လာစေရန်အတွက် ဆောင်ပုဒ်နှင့်အညီ ပြည်သူ့အကျိုးအတွက် အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်အောင်နှင့် ပြည်သူများ၏ လိုက်ပါပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာအောင် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၁၄ ဌာနရှိပြီး မြို့တော်အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားကာ ဘက်ပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ မြို့တော်သန့်ရှင်းရမည်၊ မြို့တော်သာယာလှပရမည်၊ မြို့တော်နေလူထု စိတ်ချမ်းသာရမည် ရည်ရွယ်ချက်များအတိုင်း သန့်ရှင်းသာယာ၍လှပသောမြို့တော်ဖြစ်အောင် ကြိုးစားဆောင်ရွက်နေပါကြောင်းနှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများ များစွာလိုအပ်ပါကြောင်း ပြောကြားသည်။

၄င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာသူများသည် မန္တလေးမြို့တော် ဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားမှုမှတ်တမ်းပြသသည့် "ကျွန်တော်တို့ မန္တလေး" Video clip ကိုလည်းကောင်း၊ မြို့တော်သန့်ရှင်းသာယာလှပရေးအတွက် သန့်ရှင်းရေးဌာနမှ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုသည့်လုပ်ငန်းသုံးပစ္စည်းများ၊ စက်ယန္တရားများ၊ လုပ်ငန်းသုံးမော်တော်ယာဉ်များကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**









သတင်း-စာမျက်နှာ ၄









➤ စာမျက်နှာ ၂၄ မှ

ရှမ်းယူနိုက်တက်အသင်းက အုပ်စုပထမပွဲတွင် Young Elephants အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကွာတား ဖိုင်နယ်အဆင့်သို့ တက်ရောက် ထားသလို၊ Tainan City FC အသင်းကလည်း Young Elephantsအသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိထားပြီး ကွာတား ဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် AFC Challenge League 2024-25 ပြိုင်ပွဲ၏ အုပ်စု(D) ဒုတိယပွဲ စဉ်အဖြစ် လာမည့်နိုဝင်ဘာ ၂ ရက် ညနေ ၄ နာရီတွင် တရုတ်တိုင်ပေကလပ် Tainan City အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး သရေကစားရုံဖြင့် အုပ်စုပထမနေရာတွင် ရပ်တည်နိုင်မည်ဖြစ်သည်။

**(NGB)**

## ရွှေရင်အေးတိုက်ကျေး လျှဒါန်း

**မန္တလေး အောက်တိုဘာ ၃၁**

ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသော(NFME) ကျောင်းပြင်ပမူလတန်း/အလယ်တန်းပညာရေးကျောင်းဖွင့်လှစ်ထားသော အောင်မြေသာစံမြို့နယ် မန္တလေးတောင်တက်လမ်းရှိ ဇေယျာသီရိသီလရှင်ကျောင်းတွင် ယနေ့ နံနက် ၁၁ နာရီတွင် ရှေးရေစက်သွေးလှူရှင်ပရဟိတအဖွဲ့မှ ရွှေရင်အေး တိုက်ကျေး လှူဒါန်းပွဲနှင့် ဓမ္မတေးများဖြင့် ဖျော်ဖြေတင်ဆက်ပွဲများ ပြုလုပ်သွားသည်။

အဆိုပါ(NFME) ကျောင်းပြင်ပအလယ်တန်းပညာရေးမြို့နယ်ကြီးကြပ်ရေးမှူး၊ ဇေယျာသီရိသီလရှင်ကျောင်းဆရာကြီးများဖြစ်ကြသော ဒေါ်ထေရီ (ဓမ္မာစရိယဝိနယဝိဒူ)ဒေါ်ပဋ္ဌာဘ(BA-သာသနဓဇဓမ္မာစရိယ) ဒေါ်ပညာစာရီ(B.Sc ဓမ္မာစရိယ) တို့နှင့် သီလရှင်ကျောင်းသူ ၁၂၀ တို့ တက်ရောက်ကြကြောင်း သိရသည်။

**(၀၃၃)**

✱ စာမျက်နှာ ၂၄ မှ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ထုံးကျောက်တောင်များတွင် ကျက်စားသည့် ရှားပါးတောရိုင်းတိရစ္ဆာန်မျိုးစိတ်များနှင့် ယင်းတို့၏ ထုံးကျောက်တောင် ဂေဟစနစ်ကို ထိန်းသိမ်းကာကွယ်ရန်၊ သိပ္ပံဆိုင်ရာသုတေသနလုပ်ငန်းများကို အထောက်အကူပြုစေရန်၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်နှင့် ပန်းလောင်နှင့် ဇော်ဂျီမြစ်တို့၏ ရေဝေရေလဲ သစ်တောများကို ထိန်းသိမ်းရန် ရည်ရွယ်၍ ရေထွက်ကျောက်ခေါင်း(လင်းဝေး) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေကို သတ်မှတ်ခြင်းဖြစ်ပါသည်။



ရေထွက်ကျောက်ခေါင်း(လင်းဝေး)ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၇၀၀ ကျော်တွင် တည်ရှိကာ မြေပြန့်လွင်ပြင်နည်းပါး၍ တောင်ကုန်း၊ တောင်စွယ်များ၏ သဘာဝအလှများဖြင့် တင့်တယ်လှပါသည်။ ရေထွက်ဂူတည်ရှိရာ ထုံးကျောက်လိုဏ်ဂူတောင်တန်းသည် အနောက်မှ အရှေ့သို့ သွယ်တန်းနေပြီး အရှေ့မှ တောင်ဘက်စူးစူးသို့ ငါးမျှားချိတ်သဏ္ဍာန် တည်ရှိနေပါသည်။ ထုံးကျောက်တောင်၏ ဝန်းကျင်ရှိ ဧက ၂၀ ခန့် ကျယ်ဝန်းသည့် ဒေသအခေါ် နဂါးအင်းကောရေဝပ်ဧရိယာသည် ဇွန်လမှ အောက်တိုဘာလအထိ ငါးလတာကာလအတွင်း ပြာလဲ့လဲ့ရေပြင်ဖုံးလွှမ်းနေပြီး အင်းရေကျချိန်တွင် ဒေသခံတောင်သူများ စိုက်ပျိုးသည့် ကိုင်းသီးနှံခင်းများ၏ စိမ်းလဲ့လဲ့အရောင်သို့ ပြောင်းလဲတွေ့မြင်ရပါသည်။

ရေထွက်ကျောက်ခေါင်းတွင် ဂူနှစ်ခုကို တွေ့ရှိရပြီး ဂူအမှတ်(၁)၏ အဝင် ဂူမျက်နှာဝသည် ၃၆ ပေ ကျယ်ဝန်းပြီး ၄၈ ပေ အမြင့်ရှိကာ ရေငုပ်၍ဝင်ရောက်ပါက အတွင်းသို့ ပေ ၂၆၅၀ အထိသာ ဝင်ရောက်နိုင်စွမ်းရှိကြောင်း သိရပါသည်။ ဂူအမှတ်(၂)၏ အဝင်ဂူမျက်နှာဝအကျယ်သည် ၃၅ ပေကျယ်ဝန်းပြီး ၁၀ ပေ အမြင့်ရှိကာ အတွင်းပိုင်းသို့ ပေ ၂၀၀ ခန့်အထိသာ ဝင်ရောက်နိုင်ကြောင်း သိရသည်။ ဂူ၏အရှေ့ဘက်တွင်လည်း တောင်ပေါ်မြက်ခင်းတောကို တွေ့မြင်နိုင်သည်။ ယမနေ၊ ထောက်ကြံ့၊ သင်းဝင်ဖို၊ သပြေကြို့၊ သံသော၊ ဇောင်းပလွေ၊ သတီ အပါအဝင် ဒေသသစ်မျိုး ၄၇ မျိုး၊ တပင်တိုင်မြနန်း၊ တပင်ရွှေထီး၊ ဥပတကာနွယ်၊ ဆင်တုံးမနွယ် စသည့် ပရဆေးပင် ခုနစ်မျိုး၊ ဝါးပိုးဝါး၊ မျှင်ဝါးနှင့် သိုက်ဝါး စသည့် ဝါးသုံးမျိုး ပေါက်ရောက်လျက်ရှိသည့် အထက်ပြတ်ရောနှောတောနှင့် တောင်ပေါ်အမြဲစိမ်းတောတို့ကို တွေ့ရှိရပါသည်။

ရေထွက်ကျောက်ခေါင်း(လင်းဝေး) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ သတ်မှတ်ခြင်းအားဖြင့် ယင်းဒေသတွင် ကျက်စားနေထိုင်သည့် ချေ၊ ကြောင်မြင်း၊ ကြောင်ဝံပိုက်၊ ကြောင်နံ့သာ၊ မျောက်လေပွေ၊ ခွေးတူဝက်တူ၊ ခွေးအ၊ ဖျံခြေသည်းငယ်၊ ဖြူမြီးဖွာ၊ ဝါးဘိုးကြွက်နှင့် လင်းနို့မျိုးစိတ်များ အပါအဝင် နို့တိုက်သတ္တဝါမျိုးစိတ် ၂၄ မျိုး၊ ဒေါင်းစိမ်း၊ ငှု၊ ဖိုးခေါင်ငှက်၊ ကြက်တူရွေး၊ ဗွတ်ကလုံ၊ အောက်ချင်းငှက်၊ ဝါးယောင်းငှက်၊ လင်းယုန်၊ ချိုး၊ ချိုးသိန်း၊ ငှက်ရွှေဝါ၊ ရစ်ငှက်စသည့် ငှက်မျိုးစိတ် ၄၆ မျိုးအပြင် ဆောင်းခိုငှက်များ၊ လိပ်ဝါနှင့် အထူးသဖြင့် မြန်မာ့ဒေသရင်းမျိုးစိတ်ဖြစ်သည့် လင်းဝေးဒေသ၏ ထုံးကျောက်တောင် တောက်တဲ့(*Cyrtodactylus Linnwayensis*)မျိုးစိတ်များကို ထိန်းသိမ်းကာကွယ်နိုင်ခြင်း၊ သိပ္ပံပညာရပ်များအတွက် တန်ဖိုးမဖြတ်နိုင်သည့် သုတေသနအခွင့်အလမ်းများစွာကို ထောက်ပံ့ပေးနိုင်ခြင်း၊ ရေထွက်ထုံးကျောက်ဂူများ၏ ဂေဟစနစ်များနှင့် ထူးခြားသည့် သဘာဝအနေအထားများကို အခြေပြု၍ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ ဖော်ဆောင်နိုင်ခြင်း၊ နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်နိုင်ခြင်းဖြင့် ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

# ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်နိုင်ခဲ့သည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ပထမဆုရရှိသူများ၏ ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်း



ဒိုးပတ်အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်မြင့်ပညာအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဟိန်းမေတ္တာနှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ကရင်ပြည်နယ်မှ စောအာကာပိုင်စိုး၏ ကပြယှဉ်ပြိုင်ဟန်။



ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပူးတွဲပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မောင်ကောင်းပြည့်ဟိန်း "ကိုယ့်ရပ်ဌာနေ"သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



တယောအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး) ၌ ပထမဆုရရှိသည့် ကချင်ပြည်နယ်မှ မနှင်းနှင်းဝေ "သီတာရတနာ" (ကာလပေါ်)သီချင်းဖြင့် ဤသို့ ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ခဲ့သည်။



မယ်ဒလင်အတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသမီး)၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မရွှန်းလဲ့မေ(ခ) လဲ့ရည်ဝင်း "မန္တလာဘုံ" (ဘွဲ့) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ပလွေအတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ကချင်ပြည်နယ်မှ ဦးမြတ်ဇော် "ကြဲကြဲဖန်ဖန်"(ယိုးဒယား)သီချင်းဖြင့် တီးမှုတ်ယှဉ်ပြိုင်စဉ်။




ဂီတာအတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးမှ ဦးအောင်နိုင်စိုး "ဘုန်းမိုးသွန်းလောင်း"(သီချင်းခံ) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




တယောအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ကယားပြည်နယ်မှ ဦးအေးမော် "တောဟောဝန်လယ်" (ယိုးဒယား)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေး အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ မဖြိုးဟေမာန် "မြန်မာပြည်ခရီးစဉ်" သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



မယ်ဒလင်အတီးပြိုင်ပွဲ ဝါသနာရှင်ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ ဦးမင်းဇော် "မြူဝန်းလို့ခို" (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသား အသက် ၁၀ နှစ်မှ ၁၅နှစ်အတွင်း)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြူးစိန်(ခ)နေမင်းခန့် "ဘုံဆောင်မြင့်"(ကြိုး) သီချင်းဖြင့် လက်သံပြောင်မြောက်စွာ တီးခတ်ယှဉ်ပြိုင်စဉ်။




နှဲအတီးပြိုင်ပွဲ ဝါသနာရှင်ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးနေလင်း "အောင်မြေသာစံ"(ပတ်ပျိုး) သီချင်းဖြင့် တီးမှုတ်ယှဉ်ပြိုင်စဉ်။




ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင်ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်သျှားထက်ဇော်(ခ)မောင်မင်းခေတ် "ညင်းညင်း"(မွန်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ကျူးဘားနိုင်ငံ ပိတ်ဆို့ခံရမှုရုပ်သိမ်းစေလိုသဖြင့် အာဂျင်တီးနားနိုင်ငံခြားရေးဝန်ကြီး ထုတ်ပယ်ခံရ



**ဗျူးနိုအေရီးစ် အောက်တိုဘာ ၃၁**

ကျူးဘားနိုင်ငံ ပိတ်ဆို့ခံရမှု ရုပ်သိမ်းစေလိုသဖြင့် အာဂျင်တီးနားနိုင်ငံခြားရေးဝန်ကြီး ဒိုင်ယာနာမွန်ဒီနို ရာထူးမှထုတ်ပယ်ခံရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်အစိုးရက ကျူးဘားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှုကို ဖယ်ရှားပေးရန် ကုလသမဂ္ဂအစည်းအဝေးတွင် ၄င်း မဲပေးခဲ့သဖြင့် အာဂျင်တီးနားသမ္မတ ဟာဗီးယားမီလိုင်က ၄င်းကို ထုတ်ပယ်ပစ်လိုက်ခြင်း ဖြစ်သည်။

၄င်း၏နေရာတွင် အမေရိကန်ပြည်ထောင်စုဆိုင်ရာ အာဂျင်တီးနားသံအမတ် ဂျီရာဒိုဝါးသိန်းကို ချက်ချင်းအစားထိုးခန့်အပ်လိုက်သည်။

လက်ဝဲဝါဒကိုင်စွဲသော ယခင်အစိုးရလက်ထက်က ကျူးဘားနိုင်ငံနှင့် အလွန်နီးကပ်စွာဆက်ဆံခဲ့သော်လည်း လက်ရှိအာဏာရအာဂျင်တီးနားသမ္မတမှာမူ ကျူးဘားကိုမလိုလားကြောင်း သိရသည်။

Mon



အိန္ဒိယနိုင်ငံ ဒေလီမြို့တစ်နေရာတွင် ဟိန္ဒူဘာသာဝင်များ အထွတ်အမြတ်ထားရာ ဒီပါဝလီနေ့အထိမ်းအမှတ် ဆီမီးများထွန်းညှိနေစဉ်။ Mon

## အီလွန်မတ်စ်နှင့်အပေါင်းအပါများကို ကြားနာရန် ဖီလာဒဲလ်ဖီးယားတရားသူကြီးက ဆင့်စာထုတ်

**ဝါရှင်တန် အောက်တိုဘာ ၃၁**

အီလွန်မတ်စ်နှင့်အပေါင်းအပါများကို စစ်ဆေးကြားနာရန် ဖီလာဒဲလ်ဖီးယားတရားသူကြီး အန်ဂျယ်လိုဖော့ဂ်လီယက်တာက အောက်တိုဘာ ၃၀ ရက်တွင် ဆင့်စာထုတ်လိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



အဆိုပါဆင့်စာအရ အီလွန်မတ်စ်နှင့်အပေါင်းအပါများသည် အောက်တိုဘာ ၃၁ ရက်တွင် ဖီလာဒဲလ်ဖီးယားတရားရုံးသို့ လာရောက်ရမည်ဖြစ်သည်။

ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်ဘက်မှရပ်တည်ပြီး ၄င်းရွေးကောက်ပွဲနိုင်အောင် မဲဆန္ဒရှင်များကို ငွေကြေးဖြင့် စည်းရုံးမဲဆွယ်ကာ အမေရိကန်ဒေါ်လာ ၁ သန်း ကံစမ်းမဲဖောက်ပေးနေခြင်းသည် တရားဥပဒေနှင့်မညီဟုဆိုကာ ဒီမိုကရက်တစ်ပါတီဝင်တစ်ဦးဖြစ်သူ ဖီလာဒဲလ်ဖီးယားခရိုင်ရှေ့နေချုပ် လယ်ရီကရာစနာက အောက်တိုဘာ ၂၈ ရက်တွင် တရားစွဲဆိုခဲ့သည်။

ထိုသို့ တရားစွဲဆိုသောအမှုနှင့်ပတ်သက်၍ တရားသူကြီးက အီလွန်မတ်စ်နှင့်အပေါင်းအပါများကို ဆင့်ခေါ်ခဲ့သော်လည်း မလာရောက်ဘဲ ပျက်ကွက်ခဲ့ကြောင်း သိရသည်။

Mon

## တိုက်ကြီးများဖြတ်ကျော်သော ဒုံးလက်နက်သစ် အရှေ့ပင်လယ်ဘက်သို့ မြောက်ကိုရီးယား ပစ်လွှတ်



**ပြုံယမ်း အောက်တိုဘာ ၃၁**

အောက်တိုဘာ ၃၁ ရက်တွင် တိုက်ကြီးများဖြတ်ကျော်သော ဒုံးလက်နက်သစ်တစ်မျိုးကို အရှေ့ပင်လယ်ဘက်သို့ မြောက်ကိုရီးယားပစ်လွှတ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဂျပန်ပင်လယ်ဘက်သို့ ဖြတ်သန်းလာသည့် ထိုဒုံးလက်နက်ကို ဒေသစံတော်ချိန် နံနက် ၇ နာရီ ၁၀ မိနစ်ခန့်တွင် ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း တောင်ကိုရီးယားဘက်က သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံအနောက်ဘက်မိုင် ၁၉၀ ခန့်အကွာရှိ အောကုရှိရိကျွန်းအလွန် ရေပိုင်နက်ထဲသို့ ထိုဒုံးလက်နက် ကျရောက်ခဲ့သည်ဟု ဂျပန်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး နကတာနိက ထုတ်ဖော်ပြောကြားကြောင်း သိရသည်။

Mon

0-0-0-0-0

## စပိန် မိုးသည်းထန်ရေကြီးမှုအခြေအနေ အလွန်ဆိုးရွား သေဆုံးသူ ၉၅ ဦးထက်မနည်း မြင့်တက်ရောက်ရှိလာ

**မက်ဒရစ် အောက်တိုဘာ ၃၁**

စပိန်နိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင်ဖြစ်ပွားသော မိုးသည်းထန်ရေကြီးမှုအခြေအနေ အလွန်ဆိုးရွားခဲ့ပြီး သေဆုံးသူ ၉၅ ဦး ထက်မနည်း မြင့်တက်ရောက်ရှိလာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အောက်တိုဘာ ၂၉ ရက်က ဗလင်စီယာမြို့နှင့်အနီးတစ်ဝိုက်တွင် အချိန်အခါမဟုတ်ဘဲ မိုးသည်းထန်စွာရွာသွန်းရာမှ ထိုရေကြီးမှုကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၏ အောက်တိုဘာ ၃၁ ရက် သတင်းထုတ်ပြန်ချက်အရ ဗလင်စီယာမြို့တွင် ရေဘေးကြောင့် သေဆုံးသူ ၉၂ ဦးရှိပြီး အနောက်ဘက်ရှိမြို့နှစ်မြို့တွင် သုံးဦး သေဆုံးခဲ့သည်ဟု ဆိုသည်။

စပိန်နိုင်ငံ အရှေ့တောင်ပိုင်းတွင် ၁၉၇၃ ခုနှစ်ကဖြစ်ပွားကာ လူပေါင်း ၁၅၀ ဦးထက်မနည်း သေဆုံးစေခဲ့သော ရေကြီးမှုနောက်ပိုင်း၌ စပိန်နိုင်ငံ၏ လူအသေအပျောက်အများဆုံး ရေကြီးမှုပင် ဖြစ်သည်။

သေဆုံးခဲ့သူများအတွက် တစ်နိုင်ငံလုံး အောက်မေ့ဆုတောင်းရန် သုံးရက်သတ်မှတ်သည်ဟု စပိန်ဝန်ကြီးချုပ် ပေဒရိုဆန်ချက်ဇ်က ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

Mon



## ပျောက်ဆုံးနေသော ဘလူဝီဒင်္ဂါးများအနက်မှ အပြားရေ ၄၀၀၀၀ ခန့်ကို ပြန်လည်သိမ်းဆည်းရမိ



**ကင်ဘာရာ အောက်တိုဘာ ၃၁**

ပျောက်ဆုံးနေသော ဘလူဝီဒင်္ဂါးပေါင်း ၆၃၀၀၀ အနက်မှ အပြားရေ ၄၀၀၀၀ ခန့်ကို ပြန်လည်သိမ်းဆည်းရမိထားသည်ဟု ဩစတြေးလျရဲတပ်ဖွဲ့က အောက်တိုဘာ ၃၀ ရက်တွင် ထုတ်ပြန်ကြေညာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

သက်ဆိုင်ရာရဲစုံထောက်များ သတင်းအရ ရှောင်တခင်ရှာဖွေစစ်ဆေးခဲ့ရာ အသက် ၂၇ နှစ်အရွယ် ခရစ္စတီနာဗေးလ်ဆိုသူ အမျိုးသမီးကို ဘလူဝီဒင်္ဂါးခိုးမှုဖြင့် ဖမ်းဆီးခဲ့သည်။

၄င်းသည် ယင်းခိုးမှုနှင့်ပတ်သက်၍ တတိယမြောက်ဖမ်းဆီးခံရသည့် အမိကသံသယရှိသူဖြစ်ပြီး လွန်ခဲ့သောသြဂုတ်လက အသက် ၄၄ နှစ်အရွယ် အသီးသီးရှိပြီဖြစ်သောကြဲရာပါ စတီဗင်နိုင်လ်ဆင်နှင့် နတ်ဆာကန့်ဂ်ျတို့နှစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း ဩစတြေးလျရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ဩစတြေးလျနိုင်ငံတွင် ကလေးပရိသတ်များအကြား ရေပန်းစားသော ကာတွန်းရုပ်ရှင်ကိုအခြေပြုကာ ရွှေရည်စိမ်ဒင်္ဂါးများ ထုတ်လုပ်ခဲ့ရာ ဒင်္ဂါးတစ်ပြားလျှင် ဩစတြေးလျတစ်ဒေါ်လာသာ တန်ဖိုးရှိကြောင်း သိရသည်။

Mon

0-0-0-0-0

## အစ္စရေးတိုက်ခိုက်မှု ပြင်းထန်လာသည့်နောက်ပိုင်း၌ ဘေရွတ်မြို့အရှေ့ပိုင်းတွင် စစ်ဘေးရှောင်သူပိုများလာ

**ဘေရွတ် အောက်တိုဘာ ၃၁**

အစ္စရေးဘက်ကပြုလုပ်သော လေကြောင်းတိုက်ခိုက်မှုပြင်းထန်လာသည့်နောက်ပိုင်း၌ လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့အရှေ့ပိုင်းတွင် စစ်ဘေးရှောင်သူပိုများလာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဘေရွတ်မြို့တောင်ပိုင်းရှိ ဒါဟဲနှင့်အခြားဆင်ခြေဖုံးရပ်ကွက်များထဲသို့ ထိုစစ်ဘေးရှောင်သူများ ဝင်ရောက်လာလျက်ရှိသည်။

ထိုသို့ဝင်ရောက်လာရာမှ လူမျိုးဘာသာကွဲပြားခြားနားသော မိသားစုများအကြား ရေရှည်တွင် တင်းမာမှုဖြစ်ပေါ်လာနိုင်သည်ဟု လေ့လာသူများက ထောက်ပြသတိပေးထားကြောင်း သိရသည်။



Mon

**STOP AIDS**



## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၃၁**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း(ဗဟို) (AEDA -Mdy) တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၉ရက် နံနက် ၉နာရီခွဲက မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၈၆လမ်း၊ လမ်း၄၀နှင့်၄၁လမ်းကြားရှိ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းခွဲတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးဒေါ်မေသူသူမောင်က အဖွင့်အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မူးယစ်သမိုင်းကြောင်းကို အသင်းအမှုဆောင် ဒေါ်သင်းသင်းဦးက ဟောပြောပြီး မူးယစ်ဆေးဝါးအမျိုးအစားများနှင့် ဆိုးကျိုးအန္တရာယ်ကို အသင်းအတွင်းရေးမှူး ဦးမြင့်သန်းက လည်းကောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားနှင့်အီးစီးကရက်ဆိုးကျိုးအန္တရာယ်ကို အသင်းတွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက လည်းကောင်း ဟောပြောကြသည်။

ဆက်လက်ပြီး အသင်းအမှုဆောင် ဒေါ်ခင်မေပိုင်၊ ဒေါ်သင်းသင်းဦးတို့က မူးယစ်ဆိုင်ရာမေးခွန်းများ မေးမြန်းလျက် ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား၊ကျောင်းသူများက မူးယစ်ဆေးဝါးမသုံးစွဲရေးအတွက် သန္နိဋ္ဌာန်ချတ်ဆိုကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၀၇၀)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## ဝေါမြို့နယ်တွင် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃၁**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၃ ရက် ညနေ ၆နာရီခွဲက ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာအနီးတွင် မော်လမြိုင် - မန္တလေးခရီးသည်တင် မှန်လုံယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် ကိုကိုနိုင်(ခ)ကိုနိုင်ဆိုသူ တရားမဝင်သယ်ဆောင်လာသည့် ပစ္စတိုသေနတ် ၁၆လက်နှင့် ကျည်မျိုးစုံ ၅၃၀တောင့်တို့အား ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ အောက်တိုဘာ ၂၄ ရက် နံနက် ၁၁ နာရီပူးပေါင်းအဖွဲ့သည် လက်နက်ခဲယမ်းများအား လက်ခံ၍ စစ်ကိုင်းတိုင်းဒေသကြီးသို့ ဆက်လက်သယ်ဆောင်မည့် အောင်ဇင်သူဆိုသူအား မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ ၃၈လမ်း၊ ၈၅လမ်းတွင် ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ လက်နက်ခဲယမ်းများအား ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ဘုရားသုံးဆူမြို့မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် ယာဉ်များသိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၃၁**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုများဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၉ရက်က နေပြည်တော် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့ အမှတ်(၄)ရပ်ကွက်၌ လိုင်စင်မဲ့ Luojia 110 ဆိုင်ကယ် နှစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်အနီး၌ လိုင်စင်မဲ့ Nissan X Trail ယာဉ်တစ်စီး၊ Daihatsu Hijet ယာဉ်တစ်စီးကိုလည်းကောင်း၊ ခန္တီးမြို့နယ်အတွင်း၌ လိုင်စင်မဲ့ Nissan AD Van ယာဉ်တစ်စီး သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ တောင်ကြီးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းငါးမျိုး၊ လုပ်ငန်းသုံး ပစ္စည်းသုံးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Mini Bus တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## အောင်ပန်း-ဟဲမြင့်မိုရ်ကားလမ်းတွင် ယာဉ်မတော်တဆမှုဖြစ်ပွား

**ရွာင် အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွာင်မြို့နယ်၊ ရွာင်မြို့နှင့်သံဘိုကျေးရွာကြား၊ အောင်ပန်း-ဟဲမြင့်မိုရ်သွား ကားလမ်းတွင် အောက်တိုဘာ ၂၈ရက် မွန်းလွဲ ၂နာရီက မော်တော်ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦး---မောင်းနှင်ပြီး အမျိုးသား၊ အမျိုးသမီး ၂၈ဦး လိုက်ပါလာသော ဘုရားဖူး မီနီဘတ်(စ်) မော်တော်ယာဉ်သည် အောင်ပန်း-ဟဲမြင့်မိုရ်ကားလမ်းအတိုင်း မောင်းနှင်လာစဉ် ရွာင်နှင့်သံဘိုကျေးရွာကြားတွင် မတော်တဆဖြစ်ကာ ပေ၃၅၀ခန့်အနက်ရှိ ချောက်ထဲသို့ ထိုးကျ တိမ်းမှောက်ခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာသို့ အုပ်ချုပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့(မန္တလေးတိုင်း)နှင့် ဒေသခံပြည်သူများသည် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး ထိခိုက်ဒဏ်ရာရသူ အမျိုးသား၊ အမျိုးသမီး ၂၁ ဦး၊ သေဆုံးသူ ၇ဦးတို့အား ပြည်သူ့ဆေးရုံကြီးသို့ ကူညီပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)(၀၅၇)

## ပြင်ဦးလွင်မြို့နယ် ကျွန်းတပင်ကျေးရွာအနီးတွင် မီးလောင်မှုဖြစ်ပွား

**ပြင်ဦးလွင် အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ကျွန်းတပင်ကျေးရွာအနီးတွင် အောက်တိုဘာ ၃၀ရက် ညနေ ၆နာရီ၄၅မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ပြင်ဦးလွင်ခရိုင် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် ၁စီး၊ ရေသယ်ယာဉ် ၁စီး၊ ပြင်ဦးလွင်မြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် ၂စီး၊ သဏ္ဍာသုခ လူမှုကူညီရေးအသင်းမှ ရေသယ်ယာဉ် ၁စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များက ထွက်ခွာငြိမ်းသတ်ရာ ည ၇နာရီ၄၅မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုနှင့်ပတ်သက်၍ ပြင်ဦးလွင်နယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



(ဝဲပုံ)(၀၄၅)

ဥပဒေဘောင်တွင်း နေထိုင်ခြင်း၊ ဘေးကင်း ရန်ကွာ လွန်ချမ်းသာ။

# ကန့်ဘလူမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာနှစ်ရွာကို မီးရှို့ဖျက်ဆီးခဲ့ပြီး အိုင်ပေါင်းချောင်ရွာမှ ပြည်သူများကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိ




နေပြည်တော် အောက်တိုဘာ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် စစ်ကြောင်းထိုးနေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အောက်တိုဘာ ၃၀ ရက်က ကျေးရွာနှစ်ရွာကို ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးခဲ့ပြီး အိုင်ပေါင်းချောင်ရွာမှ ပြည်သူ ၃၀ ကျော်ကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားကာ မုံလှရွာရှိ ခရစ်ယာန်ဘုရားကျောင်းကို ဒရုန်းဖြင့် ဗုံးကြဲဖျက်ဆီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

လုပ်ကြံရေးသား

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများအား ဆက်သွယ်မေးမြန်းချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် အဆိုပါရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာများဝန်းကျင်တွင် လုံခြုံရေးဆောင်ရွက်ခဲ့ခြင်း မရှိကြောင်း သိရှိရပြီး တရားမဝင်ပြည်ဖျက်မီဒီယာများက ဖြစ်စဉ်ဖြစ်ရပ်မှန်ကန်မှုမရှိသည့် သတင်းမှားများကို လုပ်ကြံရေးသားကာ လူမှုကွန်ရက်တွင် ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မိုးညှင်းထောင်တွင် ထောင်အာဏာပိုင်များက ခြိမ်းခြောက်ငွေတောင်းဟု မဟုတ်မမှန်ရေးသား ဖော်ပြ

နေပြည်တော် အောက်တိုဘာ ၃၁

မိုးညှင်းထောင်တွင် နိုင်/ကျဉ်းများထံမှ ထောင်အာဏာပိုင်များက ခြိမ်းခြောက်ငွေတောင်းသည့်အပြင် ကျန်းမာရေးမကောင်းလျှင် ဆေးဝါးကုသခွင့်မရဟူ၍လည်းကောင်း၊ မိတ္ထီလာအကျဉ်းထောင်တွင် သန့်ရှင်းမှုရှိသော သောက်ရေနှင့်ချိုးရေ မရဟူ၍ လည်းကောင်း Khit Thit Media အမည်ခံ Facebook Page က မဟုတ်မမှန်လုပ်ကြံသတင်းများ ရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ မိုးညှင်းဗဟိုအကျဉ်းထောင်၌ နိုင်ငံရေး အကျဉ်းသားဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာရှိပြီး ထောင်တာဝန်ခံအရာရှိသည် မည်သည့်အကျဉ်းထောင်ဝန်ထမ်းကိုမဆို အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများနှင့် ငွေကြေးပတ်သက်ဆက်နွှယ်ခြင်း၊ တောင်းခံခြင်းများ မပြုလုပ်ရန် အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ လာဘ်ပေးလာဘ်ယူပြုလုပ်သည်ဟု စစ်ဆေးပေါ်ပေါက်ပါက ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကျဉ်းထောင် တာဝန်ရှိသူထံမှ သိရသည်။

မိုးညှင်းဗဟိုအကျဉ်းထောင်၌ အကျဉ်းထောင် ဆေးရုံအုပ်မရှိသော်လည်း တာဝန်ခံ ဆရာဝန်နှင့် အမျိုးသားသူနာပြုတစ်ဦးတို့က ကျန်းမာရေး မကောင်းသည့် အကျဉ်းသား အကျဉ်းသူများအား နေ့စဉ် ကြည့်ရှုကုသပေးလျက်ရှိကြောင်း၊ ထို့ပြင် ဆေးရုံတင်ပို့ကုသရမည့် အကျဉ်းသား အကျဉ်းသူများအား မိုးညှင်းပြည်သူ့ဆေးရုံကြီးသို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့ ကုသပေးလျက်ရှိသည့်အပြင် လိုအပ်သည့်ဆေးဝါးများနှင့် ကုန်ကျစရိတ်များကို ဦးစီးဌာန ရန်ပုံငွေမှ ကျခံဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိုးညှင်းဗဟိုအကျဉ်းထောင်ရှိ အဆောက်အအုံ ပြင်ဆင်ခြင်းများအား ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေဖြင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး မည်သည့် အကျဉ်းသားတစ်ဦးတစ်ယောက်ထံမှ အဆောက်အအုံ ပြင်ဆင်စရိတ် တောင်းခံခြင်း၊ ငွေကြေး တောင်းခံခြင်းများ မရှိကြောင်း၊ အကျဉ်းထောင်ရှိ အိပ်ဆောင်များတွင် အချို့အခန်းများသည် ဆွေးမြည့်ပျက်စီးနေသည့်အတွက် အကျဉ်းသားများ၏ လုပ်အားဖြင့် ပြင်ဆင်ခြင်း၊ ရုံးသုံးပရိဘောဂများ ပြုပြင်ခြင်းတို့သာ ဆောင်ရွက်မှုရှိပြီး ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ထောင်တွင်းပစ္စည်းရောင်းချခွင့်မရှိဘဲ ဥပဒေအရ တင်းကျပ်စွာ တားမြစ်ထားပြီး အကျဉ်းသားများအပ်နှံထားသောငွေဖြင့် ပစ္စည်းများ ဝယ်ယူပေးသောစနစ်ဖြင့် ဝယ်ယူပေးရာတွင်လည်း ပြင်ပတွင် ရောင်းနေသောဈေးနှင့် မကွာခြားစေရန် စီစဉ်ဆောင်ရွက်ထားရှိပြီး အကျဉ်းသားအပေါ် အဆမတန်ဈေးတင်ခြင်း၊ အမြတ်ထုတ်ခြင်း ပြုလုပ်ကြောင်း စစ်ဆေးပေါ်ပေါက်ပါက ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်သည့်အတွက် Khit Thit Media အမည်ခံ Facebook Page က ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင် လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းဖြစ်သည်။

ထို့အတူ Khit Thit Media အမည်ခံ Facebook Page က ဖော်ပြထားသော မိတ္ထီလာအကျဉ်းထောင်တွင် သန့်ရှင်းမှုရှိသော သောက်ရေနှင့် ချိုးရေမရဖြစ်နေသည် ဟူသည်မှာ မှန်ကန်မှုမရှိဘဲ မိတ္ထီလာ အကျဉ်းထောင်ရှိ အကျဉ်းသားများ၏ ချိုးရေ သုံးရေများအတွက် မိတ္ထီလာကန်မှ စုပ်ယူကာ အကျဉ်းထောင်ရှိ ဂါလန် ၈၀၀၀ ဆံ့ ရေကန်အတွင်းသို့ ဖြည့်သွင်း၍ တစ်နေ့လျှင် ဖိနာရီ နှစ်ကြိမ် ဖြန့်ဝေပေးလျက်ရှိကြောင်း။

ထို့ပြင် လျှပ်စစ်မီးမလာသည့် အချိန်များတွင် မီးစက်မောင်းနှင်၍ ရေမပြတ်အောင် ဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိပြီး ရေများသန့်ရှင်းမှုရှိစေရန် ရေကန်များကို အမြဲမပြတ် သန့်ရှင်းဆေးကြောပေးလျက်ရှိကာ လုံလောက်မှုရှိကြောင်း၊ သောက်ရေအတွက် အကျဉ်းထောင် ရေသန့်စက်ဖြင့် နေ့စဉ် လီတာ ၃၀၀၀ ခန့် သောက်သုံးခွင့်ရရှိအောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေသန့်စက်မှထွက်ရှိသည့် ရေသန့်များကို အိပ်ဆောင်အလိုက် လီတာ၂၀ ဆံ့သည့်ဘူးများဖြင့် နေ့စဉ် ဖြန့်ဝေပေးလျက်ရှိကြောင်း အကျဉ်းထောင်တာဝန်ရှိသူထံမှ သိရသည်။

အလားတူ မိတ္ထီလာအကျဉ်းထောင်တွင် အကျဉ်းထောင်ဆရာဝန်တစ်ဦးနှင့် သူနာပြုတစ်ဦးတို့က အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများအား ကျန်းမာရေးစောင့်ရှောက်မှု နေ့စဉ်ကြည့်ရှုဆောင်ရွက်ပေးလျက်ရှိပြီး အကျဉ်းသား အကျဉ်းသူများအား အရေပြားယားနာရောဂါများ မဖြစ်ပွားစေရန် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အိပ်ဆောင်၊ အခန်းများ သန့်ရှင်းမှုရှိစေရန် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် သတင်းဖော်ပြခြင်းသာဖြစ်သည်။

သစ္စာ

# ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**မောက်မယ် အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မောက်မယ်မြို့နယ် ရွာသစ်ကျေးရွာ၌ ရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းနု၊ မောက်မယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းနှင့် ဝန်ထမ်းများက ရွာသစ်ကျေးရွာ၌ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ရွာသစ်ကျေးရွာ၌ လမ်းအရှည် ပေ ၇၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၁၅ သန်း၊ စုစုပေါင်းငွေကျပ် ၁၈ ဒသမ ၁၅ သန်း အသုံးပြု၍ ၂၀၂၄ ခုနှစ် အောက်တိုဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ရွာသစ်ကျေးရွာရှိ ပြည်သူလူထု၏ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တော့မည်ဖြစ်ကြောင်း မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

(၄၇၁)

# အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

ရန်ကုန် အောက်တိုဘာ ၃၁

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့် အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာနိုင်ငံသံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မခင်သက်မာဝင်းအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် ကိုင်ရိုမြို့ရှိ မြန်မာသံရုံးက အီရတ်နိုင်ငံမှ အစိုးရအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM)နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ကူညီဆောင်ရွက်ပေးခဲ့ရာ အောက်တိုဘာ ၂၉ ရက်တွင် Baghdad – Shargah – Bangkok – Yangon ခရီးစဉ်ဖြင့် ထွက်ခွာခဲ့ပြီး အောက်တိုဘာ ၃၀ ရက် ည ၈ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ညှိနှိုင်း ကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးသည့်အတွက် အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက် ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)
ဓာတ်ပုံ – ကနူး

# AFC Integrity **တာဝန်ခံနှင့်** MFF/MNL **တို့ တွေ့ဆုံဆွေးနွေး**

ကမ္ဘာ့ဘောလုံးလောကအတွင်း အမြစ်တွယ်လာလျက်ရှိသည့် လုပ်ပွဲများ လျော့နည်းပပျောက်သွားစေရေးအတွက် AFC နှင့် MFF/MNL တို့ ပိုမိုပူးပေါင်းဆောင်ရွက်ကြရန်အတွက် အာရှဘောလုံးအဖွဲ့ချုပ် AFC ၏ AFC Legal Committee မှ မစ္စတာရာဇစ်ဇာကာရီးယားနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်တို့မှ တာဝန်ရှိသူများ ယနေ့မွန်းလွဲပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးမှုသို့ MFF Integrity Investigative Board အဖွဲ့ ဥက္ကဋ္ဌ ဦးတင်အောင်(ဂိုး)၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းစိန်၊ အဖွဲ့ဝင်များဖြစ်သည့် ဦးထွန်းလှအောင်နှင့် ဦးဘရီ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဘက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်း၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ MFF Integrity Officer ဦးရဲနိုင်ဦးနှင့် MFF/MNL မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဘက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်းက အဖွင့်အမှာစကား ပြောကြားပြီးနောက် မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်မှ လုပ်ပွဲကိစ္စရပ်များနှင့်ပတ်သက်၍ MNL မှ ပြင်ဆင်လုပ်ဆောင်ထားမှုများကို ရှင်းလင်းတင်ပြခဲ့ပြီး AFC Legal Committee မှ မစ္စတာရာဇစ်ဇာကာရီးယားက ပြန်လည်ဆွေးနွေးခဲ့ကာ လုပ်ပွဲများနှင့်ပတ်သက်၍ အသိပညာပေးမှုများကို AFC နှင့် MFF/MNL တို့ ပူးပေါင်းကာ အနာဂါတ်တွင် ပိုမိုပြုလုပ်သွားရန် ရရှိလာသည့် ထူးခြားသတင်းအချက်အလက်များကို ပြန်လည်မျှဝေပေးသွားရန် ကမ္ဘာ့အဆင့် အဖွဲ့အစည်းများနှင့် ပိုမိုလက်တွဲလုပ်ဆောင်သွားရန်ကိစ္စများကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

**(NGB)**

# နိုင်ငံတကာ အားကစား သတင်းများ



## လီရွိုင်းဆာနေးအား ခေါ်ယူရန် အာဆင်နယ်အသင်း အလျင်အမြန်စီစဉ်



**လန်ဒန် အောက်တိုဘာ ၃၁**

အာဆင်နယ်အသင်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည့် တောင်ပံကစားသမား လီရွိုင်းဆာနေးအား ခေါ်ယူရန် အလျင်အမြန် စီစဉ်လျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၃ပွဲ ကစားကာ ၅၁ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။ (ဓာတ်ပုံ)

တောင်ပံကစားသမား လီရွိုင်းဆာနေးကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ ပြန်လည် ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် ဘိုင်ယန်မြူးနစ်အသင်းထံမှ လီရွိုင်းဆာနေးအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်

**လန်ဒန် အောက်တိုဘာ ၃၁**

အင်္ဂလိပ် ကာရာဘောင်းလိဂ်ဖလား (၁၆သင်းအဆင့်) ရှုံးထွက်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလား ကွာတားဖိုင်နယ်အဆင့်တွင် စပါးအသင်းနှင့် မန်ချက်စတာယူနိုက်တက်အသင်း၊ အာဆင်နယ်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်း၊ နယူးကာဆယ်အသင်းနှင့် ဘရန့်ဖို့ဒ်အသင်း၊ ဆောက်သမ်တန်အသင်းနှင့် လီဗာပူးအသင်းတို့ အသီးသီး ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလား ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို လာမည့် ဒီဇင်ဘာ ၁၈ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး လီဗာပူးအသင်းက ချန်ပီယံဖြစ်ရန် ရေပန်းစားလျက်ရှိသည်။ **(အပေါ်ပုံ)(NGB)**

## ဂီဗာဒီယိုလ်အား ၂၀၃၀ခုနှစ်အထိ စာချုပ်သက်တမ်းတိုးရန် မန်ချက်စတာစီးတီးအသင်း စီစဉ်

**မန်ချက်စတာ အောက်တိုဘာ ၃၁**

မန်ချက်စတာစီးတီးအသင်းသည် အသင်းအဓိက နောက်ခံကစားသမား ဂီဗာဒီယိုလ်အား ၂၀၃၀ခုနှစ်အထိ စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။ **(ယာပုံ)**

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၅ပွဲ ကစားပြီး ၇ဂိုးထိ သွင်းယူထားသည့်အပြင်၊ ဥရောပကလပ်အသင်းများစွာကလည်း ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

မန်ချက်စတာစီးတီးအသင်း ထုတ်ပြန်ချက်တွင် "ဂီဗာဒီယိုလ်အား ၂၀၃၀ခုနှစ်အထိ စာချုပ်သက်တမ်းတိုးဖို့ စီစဉ်နေပါပြီ။ သူ့အနေနဲ့လည်း အသင်းကို အောင်မြင်မှုတွေ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်ချုပ်ဆိုနိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။ **(NGB)**



## 2024 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ Alexander Zverev တက်ရောက်

**ပဲရစ် အောက်တိုဘာ ၃၁**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ဂျာမနီတင်းနစ်ကစားသမား Alexander Zverev တက်ရောက်ခဲ့သည်။

အဆိုပါ ဂျာမနီတင်းနစ်ကစားသမား Alexander Zverev သည် 2024 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် နယ်သာလန်တင်းနစ်ကစားသမား Tallon Griekspoor အား ၇-၆၊ ၆-၃ ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev နှင့် ပြင်သစ်တင်းနစ်ကစားသမား Arthur Fils တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(ယာပုံ)**

**(NGB)**



## ဒန်နီဝဲလ်ဘက်ခ် ဘရိုက်တန်အသင်းတွင် ဆက်ရှိသွားမည်

**လန်ဒန် အောက်တိုဘာ ၃၁**

တိုက်စစ်မှူး ဒန်နီဝဲလ်ဘက်ခ် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ဘရိုက်တန်အသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။**(ယာပုံ)**

တိုက်စစ်မှူး ဒန်နီဝဲလ်ဘက်ခ်သည် ဘရိုက်တန်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၅ပွဲကစားပြီး ၃၂ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ဘရိုက်တန်အသင်းထုတ်ပြန်ချက်တွင် "ဒန်နီဝဲလ်ဘက်ခ် အသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်းအသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။ **(NGB)**



## ဗန်ဒယ်ဗန် တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တပတ်များစွာခန့် အနားယူရဖွယ်ရှိ

**လန်ဒန် အောက်တိုဘာ ၃၁**

စပါးအသင်းနောက်ခံကစားသမား ဗန်ဒယ်ဗန် တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တပတ်များစွာခန့် အနားယူရဖွယ်ရှိနေသည်။ **(ယာပုံ)**

အဆိုပါ နောက်ခံကစားသမားသည် အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလား (၁၆သင်းအဆင့်)ရှုံးထွက်ပွဲစဉ်အဖြစ် စပါးအသင်းက မန်ချက်စတာစီးတီးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဗန်ဒယ်ဗန်ဒဏ်ရာပြဿနာဖြင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် စပါးအသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ နောက်ခံကစားသမား ဗန်ဒယ်ဗန်သည် စပါးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၆ပွဲ ကစားကာ ၃ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။ **(NGB)**



### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၃)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး၅ပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂-၁၁-၂၀၂၄ | (၂၂)လူတန်တောင်း - ဝက်စ်ဘရွန်း(၅) | လူတန်တောင်း ၂-၃ ဝက်စ်ဘရွန်း | လူတန်တောင်း(အိမ်) | ၆ | ၂ | ၁ | ၃ | ၁၀ | ၁၀ |
| နံနက်ဝ၂း၃ဝနာရီ | (D,L,W,L,L) (L,D,D,D,D) | ဝက်စ်ဘရွန်း ၀-၀ လူတန်တောင်း | ဝက်စ်ဘရွန်း(ဝေး) | ၆ | ၃ | ၂ | ၁ | ၁၀ | ၆ |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၀)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး၅ပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂-၁၁-၂၀၂၄ | (၂)မိုနာကို - အန်ဂျီး(၁၅) | မိုနာကို ၂-၀ အန်ဂျီး | မိုနာကို(အိမ်) | ၅ | ၃ | ၂ | - | ၇ | ၃ |
| နံနက်ဝ၀း၃ဝနာရီ | (W,W,W,D,L) (D,L,D,D,W) | အန်ဂျီး ၁-၂ မိုနာကို | အန်ဂျီး(ဝေး) | ၄ | - | ၃ | ၁ | ၃ | ၅ |
| ၂-၁၁-၂၀၂၄ | (၄)လီလီ - လီယွန်(၇) | လီလီ ၃-၄ လီယွန် | လီလီ(အိမ်) | ၄ | ၂ | ၁ | ၁ | ၀ | ၇ |
| နံနက်ဝ၂း၃ဝနာရီ | (D,W,W,D,W) (L,W,W,W,D) | လီယွန် ၀-၂ လီလီ | လီယွန်(ဝေး) | ၄ | ၂ | ၁ | ၁ | ၆ | ၄ |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၉)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး၅ပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂-၁၁-၂၀၂၄ | (၃)လေဗာကူဆင် - စတုဂတ်(၈) | လေဗာကူဆင် ၂-၂ စတုဂတ် | လေဗာကူဆင်(အိမ်) | ၄ | ၂ | ၁ | ၁ | ၁၀ | ၉ |
| နံနက်ဝ၂း၃ဝနာရီ | (W,D,D,W,D) (W,D,D,L,W) | စတုဂတ် ၁-၁ လေဗာကူဆင် | စတုဂတ်(ဝေး) | ၄ | ၁ | ၁ | ၂ | ၆ | ၁၀ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၂)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး၅ပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂-၁၁-၂၀၂၄ | (၁၆)အလာဗက်စ် - မာယော့ကာ(၇) | အလာဗက်စ် ၁-၁ မာယော့ကာ | အလာဗက်စ်(အိမ်) | ၅ | ၂ | ၁ | ၂ | ၆ | ၇ |
| နံနက်ဝ၂း၃ဝနာရီ | (L,L,L,L,L) (W,W,L,W,D) | မာယော့ကာ ၀-၀ အလာဗက်စ် | မာယော့ကာ(ဝေး) | ၅ | ၃ | - | ၂ | ၆ | ၅ |

## မန္တလေးတိုင်းဒေသကြီးအတွင်းမှ ဘုရားစေတီ ၂၆ဆူ၏ သမိုင်းအချက်အလက်များ သိရှိရန် Pagoda Digital Directory များ ဆောင်ရွက်ထားရှိ



**မန္တလေး အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး အတွင်းမှ ဘုရား၊စေတီ ၂၆ဆူ ၏ သမိုင်းအချက်အလက်များ ကို ဘုရားတစ်ဆူရောက်တိုင်း Touch Screen ဖြင့် တစ်စု တစ်ဝေးတည်း လေ့လာသိရှိနိုင်မည့် ဘုရားဖူးလမ်းညွှန်(Pagoda Digital Directory)များကို စီစဥ်ဆောင်ရွက်ထားသည်။

အဆိုပါ ဘုရားဖူးလမ်းညွှန်ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်တို့ ပူးပေါင်း စီစဥ်ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဆိုသည်။

"ဘုရားစေတီတွေရဲ့ သမိုင်းအချက်အလက်တွေကို Touch Screen နဲ့ Pagoda Digital Directory ကြည့်ရှုလေ့လာနိုင်မှာ ဖြစ်တယ်။ သာသနာထွန်းကားမှု တည်နေရာပြမြေပုံ၊ ဘုရားသမိုင်းကြောင်း၊ ပွဲတော်တွေ၊ ပန်းဆယ်မျိုးနဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ် သမိုင်းအထောက်အထားတွေကို ဘုရားဖူးလာသူတွေ တစ်နေရာတည်းကနေ ကြည့်ရှုနိုင်အောင် စီစဥ်ထားတာ"ဟု ကုသိုလ်တော်ဘုရား ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

Pagoda Digital Directory ကို မန္တလေးမြို့မှ မဟာမုနိရုပ်ရှင်တော်၊ ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရား၊ အောင်တော်မူဘုရား၊ ရွှေကျီးမြင်ဘုရား၊ မန္တလေးတောင်တော်ဆုတောင်းပြည့်စေတီ၊ ကျောက်ဆည်မှ မဟာရွှေသိမ်တော်ဘုရား၊ ပြင်ဦးလွင်မှ မဟာအံ့ထူးကံသာဘုရား၊ ပုဂံဒေသမှ တုရင်တောင်စေတီ၊ မနူဟာဘုရား၊ လောကနန္ဒာစေတီ၊ ထီးလိုမင်းလိုဘုရား၊ အလိုတော်ပြည့်ဘုရား၊ ဗူးဘုရား၊ ရွှေစည်းခုံဘုရား၊ အာနန္ဒာဘုရား စသည်တို့ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဥ်-၉)



## အသံ်ယာကျောင်း(ခေါ်)ပထမတိုက်အုတ်ကျောင်း၏ ရှေးခေတ်ပန်းအင်္ဂတေလက်ရာများ လာရောက်လေ့လာကြည့်ရှုနိုင်

**မင်းဘူး အောက်တိုဘာ ၃၁**

စကုမြို့၊ အသံ်ယာကျောင်း(ခေါ်)ပထမတိုက်အုတ်ကျောင်း၏ မပျက်မယွင်း တည်ရှိနေသော ရှေးခေတ်အုတ်အင်္ဂတေနှင့် ပြုလုပ်ထားသော ပန်းအင်္ဂတေ ဗိသုကာလက်ရာများမှာ လွန်စွာပြောင်မြောက်လှသောကြောင့် လာရောက် ကြည့်ရှုလေ့လာနိုင်သည်။

အသံ်ယာကျောင်း(ခေါ်) ပထမတိုက် အုတ်ကျောင်းသည် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စကုမြို့၊ မင်းဘူး-စကု ကားလမ်းဘေးရှိ သုံးထပ်ရုပ်စုံကျောင်းဝင်းအတွင်းတည်ရှိပြီး အသံ်ယာမြို့စားမင်းက ဆောက်လုပ်လှူဒါန်းခဲ့သောကြောင့် အသံ်ယာကျောင်းဟူ၍လည်းကောင်း၊ ပထမကျော်ဆရာတော် သီတင်းသုံးတော်မူခဲ့သောကြောင့် ပထမတိုက် အုတ်ကျောင်းဟူ၍လည်းကောင်း ခေါ်ကြသည်။

ထိုအုတ်ကျောင်းကြီးကို မြန်မာသက္ကရာဇ် ၇၅၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်တွင် မင်းကြီးစွာစော်ကဲယောက်ဖ အတုလမိဖုရားကြီး၏ မောင်တော်ကြီး အသံ်ယာမြို့စားမင်းက လယ်မြေဧက ၆၄၂ ပယ်တစ်စိတ်ပေါ်တွင် ဆောက်လုပ်လှူဒါန်းကာ အလျား ၇၇ ပေခွဲ၊ အနံ ၅၅ ပေနှင့် အမြင့် ၆ပေ ၈ လက်မရှိ၍ အတွင်းဘက် လိုဏ်ခေါင်း ပတ်လမ်းအကျယ် ၃ ပေ ၈ လက်မ ရှိသည်။

ယခုအခါ ကျောင်းကြီးအား ရှေးဟောင်းသုတေသနဌာနမှ ထိန်းသိမ်းစောင့်ရှောက်ထားသော ကြောင့် စကုမြို့၊ အသံ်ယာကျောင်း၏ အင်္ဂတေဖြင့် ပြုလုပ်ထားသော ခြူးပန်း၊ ခြူးနွယ်၊ ခြူးခက်များမှာ ထူးကဲစွာလက်ရာပြောင်မြောက်လှသောကြောင့် အခြားအထင်ကရ နေရာများဖြစ်သော ထေရ်ကြီးစေတီ၊ ဘိုးနန်းသူစေတီ၊ မှန်ကင်းရုပ်စုံကျောင်း၊ သုံးထပ်ရုပ်စုံကျောင်း၊ ကန်ဦးဘုန်းတော်ကြီးကျောင်းများနည်းတူ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များ လေ့လာလည်ပတ်စရာ နေရာတစ်ခုအဖြစ် ထင်ကျန်နေခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၅၀၄)

## ကျေးရွာလမ်း ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်



**ပြင်ဦးလွင် အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြင်ဦးလွင်မြို့နယ်၊ ဘူတာ(ကံပြင်)ကျေးရွာ၌ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညို၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ဘူတာ(ကံပြင်)ကျေးရွာ၌ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်းကိုရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဘူတာ(ကံပြင်)ကျေးရွာ၌ လမ်းအရှည် ၅၅၅ ပေ၊ အကျယ် ၁၂ပေ၊ အမြင့်၆လက်မရှိ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း၅၀၊ စုစုပေါင်း ငွေကျပ်သိန်း၂၀၀ အသုံးပြု၍ ၂၀၂၄ ခုနှစ် ဩဂုတ်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း၊ ဘူတာ(ကံပြင်)ကျေးရွာရှိ ပြည်သူလူထု၏ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လျက်ရှိကြောင်း ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

(အပေါ်ယာပုံ) အေးသူ

## (၆)လအတွင်း ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၁ ဒသမ ၁၄၉)သန်း ရရှိခဲ့

**မန္တလေး အောက်တိုဘာ ၃၁**

ယခုဘဏ္ဍာနှစ်၏ ခြောက်လတာကာလအတွင်း ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၁ ဒသမ ၁၄၉)သန်းရရှိခဲ့ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာန ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်က ပြောသည်။ **(အောက်ယာပုံ)**

၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ပြည်ပသို့ ပျားရည်တင်ပို့မှုအနေဖြင့် တန်ချိန် စုစုပေါင်း (၇၆၆ ဒသမ ၀၂) မက်ထရစ်တန် တင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၁ ဒသမ ၁၄၉) သန်း ရရှိခဲ့ခြင်းဖြစ်သည်။

ပြည်ပသို့ ပုဂ္ဂလိကကဏ္ဍမှ ပျားရည်တင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်ရေးမှ ပျားရည်မက်ထရစ်တန် ၇၁၈ ဒသမ ၂၂ တန်တင်ပို့ပြီး နယ်စပ်ကုန်သွယ်ရေးမှ ၄၇ ဒသမ ၈ တန်တင်ပို့ခဲ့ရာ စုစုပေါင်း ပြည်ပသို့ ပျားရည် ၇၆၆ ဒသမ ၀၂တန် တင်ပို့ထားခြင်းဖြစ်သည်။

ထိုသို့တင်ပို့ရာတွင် ဂျပန်နိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၅ ၁၆ ဒသမ ၁၂တန်ဖြင့် အများဆုံး တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ ၇၇၄၇၈၀၊ တောင်ကိုရီးယားနိုင်ငံသို့ ပျားရည်မက်ထရစ်တန် သုည ဒသမ ၅တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၇၅၀၊ ထိုင်းနိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၂၀၁ ဒသမ ၆တန် တင်ပို့ပြီး အမေရိ ကန်ဒေါ်လာ ၃၀၂၄၀၀၊ တရုတ်နိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၄၅ ဒသမ ၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၆၈၆၉၆ ဒေါ်လာ၊ တရုတ်(တိုင်ပေ)သို့ ပျားရည်မက်ထရစ်တန် နှစ်တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃၀၀၃ ဒေါ်လာရရှိထားသည်။

ပြည်တွင်းပျားရည်ကို ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်း၊ တရုတ်နှင့် တရုတ်(တိုင်ပေ)တို့သို့ ပုံမှန်တင်ပို့လျက်ရှိပြီး ဂျပန်နိုင်ငံသို့ အများဆုံး တင်ပို့လျက်ရှိသည်။

ပြည်တွင်း၌ နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ ရော်ဘာပျားရည်၊ လိုက်ချီးပျားရည်ဟူ၍ ထုတ်လုပ်ပြီး ပျားရည်ကို ပြည်တွင်း၌ ဆေးဝါးအဖြစ် အသုံးပြုမှုများသကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း တင်ပို့ကြောင်း သိရသည်။

(မန္တလေးနေ့စဥ်-၆)

*-*-*-*-*-*



သင် ကျန်းမာလိုရင်
ဆီနှင့် အငန် လျှော့စားပါ။

# အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲ ကျင်းပ

**ဆီဆိုင် အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်၊ပါလောပါကယ် ကျေးရွာအုပ်စု၊ ဆိုက်ခေါင်စံပြ ကျေးရွာရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်း ကျောင်း၊ လှိုင်ကော်ကျောင်းခွဲ၌ အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီက အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ် ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ထို့နောက် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာ သင်တန်းကျောင်း၊ ကျောင်းအုပ် ဒေါ်ခင်စန်းဝင်းက သင်တန်းနှင့် ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးက သင်တန်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်ရာ ကျောင်းအုပ်ဆရာမက လက်ခံရယူခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ် ရေးရာဝန်ကြီးအဖွဲ့သည် သင်တန်းကျောင်းမှ ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများ၊ ခေတ်မီဒီဇိုင်းလက်ရာများကို ကြည့်ရှုခဲ့ကြပြီးနောက် သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားခဲ့သည်။

အဆိုပါ သင်တန်းတွင် သင်တန်းသူ ၃၀ ဦး တက်ရောက် ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၈ ရက်မှ မတ်၂၈ ရက်အထိ ရက်သတ္တပတ်(၂၂)ပတ်ကြာ စာတွေ့၊လက်တွေ့ အခမဲ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၃၆၈)

# သုခတော်ဝင်အိမ်ရာအတွင်း လုံခြုံရေးနှင့် လူဦးရေစာရင်းမှန်ကန်ရေး ဆွေးနွေး၊ တိုက်ခန်းရောင်းဝယ်၊ ငှားရမ်းခြင်း စာရင်းသွင်း မှတ်တမ်းတင်ရန် အသိပေး

**နေပြည်တော် အောက်တိုဘာ ၃၁**

နေပြည်တော်သုခတော်ဝင် အိမ်ရာအတွင်း တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ တိုက်ခန်းနေထိုင်သူ လူဦးရေစာရင်း မှန်ကန်တိကျစွာ မှတ်တမ်းထားရှိနိုင်ရေးနှင့် သာယာရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် သုခတော်ဝင်အိမ်ရာတိုက်ခန်းများ သာယာရေးအဖွဲ့နှင့် အိမ်ရာအတွင်း အိမ်၊ ခြံမြေအကျိုးဆောင်လုပ်ငန်း တရားဝင် လုပ်ကိုင်ဆောင်ရွက်နေသူများနှင့် အောက်တိုဘာ ၃၀ရက်က ကွပ်ကဲရေးရုံးတွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

သုခတော်ဝင်အိမ်ရာအတွင်း လုံခြုံရေး၊ သာယာရေးနှင့် နေထိုင်သူလူဦးရေစာရင်း တိကျစွာ ရရှိရေးတို့အတွက် ဆောင်ရွက်လျက်ရှိရာ တိုက်ခန်းပိုင်ရှင်များနှင့် အခန်းငှားနေထိုင်သူများ အနေဖြင့် တိုက်ခန်းငှားရမ်းစာချုပ်ချုပ်ဆိုခြင်း၊ တိုက်ခန်းအရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် သုခတော်ဝင်အိမ်ရာတိုက်ခန်းများ သာယာရေးအဖွဲ့ရုံး(ကွပ်ကဲရေးရုံး)သို့ ၂၀၂၄ခုနှစ် နိုဝင်ဘာ ၁ ရက်မှ စတင်ပြီး လာရောက် စာရင်းသွင်း မှတ်တမ်းတင်ကြရန် အသိပေး ကြေညာထားသည်။

ထိုသို့ လာရောက်ဆောင်ရွက်ခြင်းမပြုပါက ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲပြဿနာများသည် သက်ဆိုင်သူများ၏ တာဝန်သာဖြစ်ကြောင်း သုခတော်ဝင်အိမ်ရာ သာယာရေးအဖွဲ့က အသိပေးထားသည်။

(၀၄၅)

*-*-*-*-*

# ငရုတ်သီးနှံ ၄၃၆ ဧက သိမ်းဆည်းပြီးစီးပြီ ဖြစ်



**ပွင့်ဖြူ အောက်တိုဘာ ၃၁**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ငရုတ်သီးနှံ ၄၃၆ ဧက သိမ်းဆည်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ငရုတ်စို ၄၄၁ ဧက၊ ငရုတ်ခြောက် ၈၈ ဧက၊ စုစုပေါင်း ငရုတ်သီးနှံ ၅၂၉ ဧက စိုက်ပျိုးရန် လျာထားပြီး မြေပြင်စိုက်ပျိုးပြီးစီးမှု ၅၇၀ ဧက စိုက်ပျိုးနိုင်ခဲ့သည်။ ယခုအခါ ဒေသခံတောင်သူများက ငရုတ်သီးနှံစိုက်ခင်းများကို လှိုင်လှိုင်ဆွတ်ခူး ရောင်းချလျက်ရှိရာ ယနေ့ထိ ငရုတ်သီးနှံ ၄၃၆ ဧက ဆွတ်ခူးသိမ်းဆည်းပြီးစီးပြီ ဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဒေသခံတောင်သူတွေ သီးနှံဝင်ငွေတိုးပွားရေးအတွက် ငရုတ်စို၊ ငရုတ်ခြောက် စိုက်ဧက ၅၂၉ ဧက လျာထားစိုက်ပျိုးခဲ့ရာ မြေပြင်စိုက်ပျိုးပြီးစီးမှု ၅၇၀ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ငရုတ်စိုက်ခင်းတွေက စိုက်ပျိုးရေအဆင်ပြေတဲ့အတွက် အောင်မြင်ဖြစ်ထွန်းမှု ကောင်းမွန်ပါတယ်။ ငရုတ်သီးနှံက စိုက်ပျိုးပြီး နှစ်လခွဲလောက်ဆိုရင် စတင်ဆွတ်ခူးရောင်းချရတာဖြစ်ပါတယ်။ယခုဆိုရင် ဒေသခံတောင်သူတွေက ငရုတ်သီးနှံများကို လှိုင်လှိုင်ဆွတ်ခူးရောင်းချနေရပြီဖြစ်ပါတယ်။ ဒီနေ့ထိ ငရုတ်စိုက် ဧက ၄၃၆ ဧက ဆွတ်ခူးသိမ်းဆည်း ပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ တစ်ဧကကို ငရုတ်သီးနံ့ပိဿာချိန် ၆၆၂ ပိဿာ ထွက်ရှိတယ်။ ဒီဒေသမှာ တောင်သူတွေ အများဆုံး စိုက်ပျိုးတဲ့ ငရုတ်သီးနှံက သာမိ(၁၁)ငရုတ်မျိုးဖြစ်ပြီး ငရုတ်ပွနဲ့ ကုလားအော်သီးငရုတ်မျိုးကိုလည်း စိုက်ပျိုးကြတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများကို စားဖိုဆောင်သီးနှံများ စိုက်ပျိုးရာတွင် စားသုံးသူ ပြည်သူများ အစားအစာဘေးကင်းလုံခြုံစေရန်နှင့် အရည်အသွေးကောင်းမွန်သော သီးနှံအထွက်နှုန်းများရရှိစေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက GAP စိုက်ပျိုးရေးနည်းစနစ်များ၊ သွင်းအားစုပစ္စည်းအသုံးပြုပုံနည်းစနစ်များ၊ အချိန်မီ သီးနှံရိတ်သိမ်းနည်းစနစ်များ စသည့် စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသဖြင့် ငရုတ်သီးနှံစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး အထွက်နှုန်းများကောင်းမွန်ကာ ရောင်းချရာတွင်လည်း ဈေးကောင်းရရှိခြင်းကြောင့် ငရုတ်စိုက်ပျိုးတောင်သူများ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

(၄၄၅)

*-*-*-*-*

# ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး လူအင်အား၊ စက်ယန္တရား အသုံးပြု၍ ဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၃၁**

မန္တလေးခရိုင်မြို့နယ် သန့်ရှင်းသာယာရေးစီမံချက်ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ ချောင်းကြီးမြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် စည်ပင်သာယာ မြို့နယ်အုပ်ချုပ်ရေးမှူးများ ပါဝင်သည့်အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သန့်ရှင်းသာယာလှပရေးစီမံချက်ဖြင့် ရေနီမြောင်းရေစီးရေလာ ကောင်းမွန်ရေးအတွက် ၁၇လမ်းနှင့် ၁၉လမ်းကြား ကျုံးရေသွင်းမြောင်းတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန်ခါများမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်း၊ ရွှေတချောင်းမြောင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ၁၅လမ်းနှင့် ၁၇လမ်းကြားမြောင်းအတွင်းမှ အမှိုက်နှင့်ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်း၊ ၆၆လမ်း ကနောင်ရေတွန်းစက်ရုံ ပတ်လည်မြောင်းများ ၁၁လမ်းနှင့် ၁၂လမ်းကြားတွင် မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်း၊ မဟာဇေယျာဘုံရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၂လမ်း အရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့်မြောင်းစာများကိုE-35 ဘက်ဟိုးစက်အသုံးပြု၍ ၂၄လမ်းနှင့် ၂၅လမ်းကြား ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ပတ်ကုန်းဝန်းကျင်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၇၃လမ်းအရှေ့ဘက်ခြမ်း မြောင်းအတွင်းမှ မြောင်းစာနှင့် အမှိုက်များကို လုပ်သားများက ၂၈လမ်းနှင့်၂၉လမ်းကြား ဆယ်ယူရှင်းလင်းခြင်း၊ ပလက်ဖောင်းများ ရေဆေးခြင်း၊ ပြည်ကြီးမျက်ရှင်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၃လမ်း အနောက်ဘက်ခြမ်း မြောင်းများအတွင်းမှ အမှိုက်နှင့်မြောင်းစာများကိုE-35 ဘက်ဟိုးစက်အသုံးပြု၍ ၃၂လမ်းနှင့်၃၃လမ်းကြား ဆယ်ယူရှင်းလင်းခြင်း၊ ပြည်ကြီးမျက်ရှင်ရပ်ကွက် ငွေတချောင်းမြောင်းရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို CAT ပိုး ဘက်ဟိုးစက်အသုံးပြု၍ ၆၅လမ်းနှင့် ၆၆လမ်းကြား ဆယ်ယူရှင်းလင်းခြင်း၊ ငွေတချောင်းမြောင်း ၆၈လမ်းနှင့် ၃၁လမ်းတံတားထိပ် မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်း၊ မောရဂီဝါရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၇၄လမ်း အရှေ့ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ၃၁လမ်းနှင့် ၃၁Aလမ်းကြား ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ ချမ်းမြသာစည်မြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် မြို့သစ်(၄)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၁၁လမ်း မြောက်ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့်ဒိုက်များကို လုပ်သားများက ၆၄C လမ်းနှင့် ၆၅လမ်းကြား ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ ပြည်ကြီးတံခွန်မြို့နယ် ရပ်ကွက်များ ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၃၉လမ်းမြောင်းအတွင်းမှ မြောင်းစာနှင့်အမှိုက်များကို လုပ်သားများက ၆၅လမ်းနှင့်၆၆လမ်းကြား ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အလိုက် ဆယ်ယူထားသည့် မြောင်းစာအမှိုက်များကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြသည်။ **(အောက်ဝဲပုံ)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မြို့နယ်ခရိုက်မြို့နယ်အတွင်းမှာရှိတဲ့ မြို့နယ်များအလိုက် ရပ်ကွက်များတွင် သန့်ရှင်းသာယာရေးစီမံချက် ချမှတ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ရေနုတ်မြောင်းများကိုလည်း ရေစီးရေလာကောင်းမွန်စေရေးအတွက် မြောင်းဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော်လည်း ရပ်ကွက်နေပြည်သူများ၏ လိုအပ်ချက်အရ ရပ်ကွက်ထဲမှာ မြောင်းရေလျှံနေတယ်၊ မြောင်းထဲမှာ ပိတ်ဆို့နေတယ်ဆိုရင် သက်ဆိုင်ရာ မြို့နယ်သန့်ရှင်းရေးဌာနသို့ အကြောင်းကြားဆက်သွယ်လာပါက ချက်ချင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူထံမှ သိရသည်။

**(မန္တလေးနေ့စဉ်-၃)**



# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်



## ပြည်တွင်းငရုတ်ဈေးကွက်ငြိမ်နေရာမှ အနည်းငယ်ဈေးမြင့်တက်လာ

အောက်တိုဘာလကုန်ပိုင်း ရက်များတွင် ဈေးငြိမ်နေသည့် ငရုတ်သီးဈေးကွက်မှာ အနည်းငယ် ဈေးမြင့်တက်လာကြောင်း ကုန်စိမ်းဈေးကွက်မှ သိရသည်။

အောက်တိုဘာ တတိယ သီတင်းပတ်တွင် ငရုတ်သီးတစ်ပိဿာ ငွေကျပ် ၂၀၀၀-၂၅၀၀ အထိ ဈေးမြင့်တက်လာသည်။ စက်တင်ဘာလအတွင်း ရေကြီးရေလျှံမှုတွေကြောင့် စိုက်ခင်းများ ပျက်စီးပြီး သယ်ယူပို့ဆောင်ရေး ခက်ခဲနေကြောင်းဈေးကွက်အတွင်း ကုန်စိမ်းအဝင်နည်းကာ ဈေးနှုန်းများ ပြန်လည်မြင့်တက်လာကြောင်း ငရုတ်စိုက်တောင်သူတစ်ဦးက ပြောသည်။

"ယခင်က ငရုတ်ထွက်တဲ့ ဒေသတွေမှာ ဈေးကောင်းမရဘူး။ လက်ရှိမှာ တချို့စိုက်ခင်း ပျက်စီးတာတွေရှိတယ်။ လမ်းပန်းဆက်သွယ်ရေးကလည်း ကုန်ကျစရိတ်များလာတော့ ဈေးတက်လာတာပါ။ ဈေးကွက်အတွင်းမှ ငရုတ်သီးအပါအဝင် ကုန်စိမ်းဈေးတွေ အနည်းငယ် မြင့်တက်လာတဲ့သဘောပါ"ဟု ၎င်းက ပြောသည်။

ရန်ကုန်ဈေးကွက်တွင် ငရုတ်သီးခြောက် ပန်းရဲသစ်တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀-၆၅၀၀၊ မှျားနီတစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀-၆၀၀၀၊ မိုးထောင်မြစ်ဝ တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀-၁၂၀၀၀၊ ဆင်ဖြူကျွန်းပု တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀-၁၄၀၀၀ပေါက်ဈေးဖြစ်လာရာ အမျိုးအစားအလိုက် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀-၃၀၀၀ဈေးမြင့်တက်လာသည်။

ငရုတ်သီးအစိုကို တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံသို့ နယ်စပ်မှ တင်ပို့နိုင်ခြင်းမရှိသလို တင်ပို့စရိတ်ကြီးမြင့်ခြင်း၊ ရက်ကြာမြင့်ခြင်းများကြောင့် ပြည်တွင်းဈေးကွက်တွင်သာ ရောင်းချနေခြင်းဖြစ်သဖြင့် ငရုတ်သီးဈေးကွက် အေးနေခြင်းဖြစ်ရာ လက်ရှိမှာ ဈေးကွက်အတွင်း အဝင်နည်းလာသောကြောင့် ယခုလိုဈေးမြင့်တက်လာခြင်းဖြစ်သည်။

ငရုတ်သီးကို နှစ်စဉ် မိုးကြိုငရုတ်၊ မိုးရာသီငရုတ်နှင့်ဆောင်းငရုတ်ဆိုပြီး တစ်နှစ်ပတ်လုံး စိုက်ပျိုးကြရာ မိုးကြိုငရုတ်ကို မတ်၊ ဧပြီလတို့မှာ စိုက်ပျိုးကာ ဇွန်လတွင် စတင်ဆွတ်ခူးလေ့ရှိသည်။

လက်ရှိကုန်စိမ်းဈေးကွက်တွင် ငရုတ်အပြင် အာလူး၊ ပန်းပွင့်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ မုန်ညင်းနှင့် ခရမ်းသီးဈေးများလည်း ဈေးမြင့်တက်လာကြောင်း သိရသည်။

**ရွှေမန်း**



## ပြည်ပနိုင်ငံများက ဝယ်ယူမှုရှိသဖြင့် ကွမ်းသီးအနု မန္တလေးဈေးကွက်အတွင်းတွင် ဈေးကောင်းရရှိနေ

တရုတ်နိုင်ငံနှင့် ပြည်တွင်းကုန်သည်များက ဝယ်ယူမှု များနေခြင်းကြောင့် မန္တလေးဈေးကွက်အတွင်းတွင် ကွမ်းသီးနုဈေးနှုန်းကောင်းများ ရရှိနေကြောင်း ကွမ်းသီးရောင်းဝယ်ရေးပွဲရုံများထံက သိရသည်။

ကွမ်းသီးနုအား သွားရည်စာ၊ ဆေးဖော်စပ်ရာတွင် အသုံးပြုရန်အတွက် တရုတ်နိုင်ငံက အဓိကထားဝယ်ယူမှုပြုလုပ်ခြင်းကြောင့် ယခုအခါ တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀-၁၃၀၀၀ဝန်းကျင်ခန့်အထိ ဈေးနှုန်းရလျက်ရှိသည်။

"အရည်အသွေးကောင်းရင် ကောင်းသလို ဈေးပိုရပါတယ်။ ကုန်သည်တွေက လာရောက်ဝယ်ယူကြတာများပါတယ်။ အခုလပိုင်းအတွင်းမှာ အဝယ်များလို့ ဈေးနှုန်းကောင်းတွေ ရရှိပါတယ်။ ပြည်ပကိုတင်ပို့ရတဲ့ ကွမ်းသီးနု အမျိုးအစားကတော့ သံပရာချွန်ဖြစ်ပါတယ်"ဟု ကွမ်းသီးပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ကွမ်းသီးနုအား ဒေသတွင်း စားသုံးမှုပြုလုပ်ကြပြီး ကွမ်းသီးနုစက်ရုံများက ပြုတ်ခြင်း၊ အခြောက်ခံခြင်းတို့ကိုပြုလုပ်ကာ တရုတ်၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့ကို အဓိကတင်ပို့ရောင်းချရကြောင်း၊ ကွမ်းသီးပင်တစ်ပင်အား စနစ်တကျစိုက်ပျိုးလျှင် ၄နှစ်မှ ၆နှစ်အတွင်း အသီးစတင်သီးပြီး ၂၀နှစ်မှ ၂၅ နှစ်အတွင်း အသီးကောင်းမွန်စွာသီးသော သီးနှံပင်အမျိုးအစားဖြစ်သည်။

မြန်မာနိုင်ငံအတွင်းတွင် ကွမ်းသီးပင်အမျိုးအစားများအဖြစ် ချွန်ကွမ်းသီးကတ်ချွန်း၊ မျှောချွန်း၊ ဘဲဥပုံချွန်း၊ မိချောင်းခေါင်း၊ သံပရာချွန်း(တရုတ်ပြည်တင်ပို့)၊ အဝိုင်းကွမ်းသီးစသည့်အမျိုးအစားများကို အဓိကထားစိုက်ပျိုးကြကြောင်း၊ ကွမ်းသီးပင်မှာ တစ်နှစ်ပတ်လုံး မိုးရေချိန်လက်မ ၈၀-၁၀၀ကြားရှိကာ ပူအိုက်စိုစွတ်သော ဒေသများတွင် စိုက်ပျိုးကြကြောင်း၊ မိုးခေါင်သည့်နေရာများတွင် အပင်ကြီးထွားမှုနည်းကာ အသီးတင်မှုနည်းပါးကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-စ)**

## ဆီထွက်သီးနှံမြေပဲဆန်နှင့် နှမ်းမျိုးစုံ အနည်းငယ်ဈေးမြင့်တက်လာ

ဆီထွက်သီးနှံမြေပဲနှင့် နှမ်းမျိုးစုံဈေးကွက် အနည်းငယ် ဈေးမြင့်တက်လာကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ပို့ကုန်အဝယ်ရှိလာသောကြောင့် ဈေးကျဆင်းနေရာမှ အနည်းငယ် ဈေးမြင့်တက်လာသည်။

အောက်တိုဘာ တစ်လလုံး ဈေးကွက်အတွင်းများလာသည့် မြေပဲဆန်ဈေးကွက်အနည်းငယ် ပြန်မြင့်တက်လာကြောင်း နှမ်းမျိုးစုံမှာ ပို့ကုန်တင်ပို့မှုအတွက် ဝယ်လိုအားကောင်းလာရာ တစ်အိတ်လျှင်ငွေကျပ် ၃၀၀၀၀ခန့် ဈေးမြင့်တက်လာကြောင်း ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ပုံမှန်သာအရောင်းအဝယ်ရှိပြီး ဈေးငြိမ်နေကြောင်း ရွှေလမင်းပွဲရုံပိုင်ရှင် ဦးဆန်းထွန်းလွင်က ပြောသည်။

"မြေပဲဆန်ဈေးတွေ အနည်းငယ် ပြန်လည်မြင့်တက်လာတာက ဖြစ်သင့်ဖြစ်ထိုက်တဲ့ဈေးကို ရောက်လာတာပါ။ အောက်တိုဘာတစ်လလုံး စိုက်စရိတ် အရင်းဈေးလောက်မှာ ရောင်းခဲ့ရတာပါ။ အခု မြေပဲဆန်ထိပ်စက တစ်ပိဿာငွေကျပ် ၈၅၀၀ ပြန်ဖြစ်လာပါတယ်။ မြေပဲဆီဆန်က တစ်ပိဿာငွေကျပ် ၇၇၀၀ ဖြစ်လာပါတယ်။ မြေပဲဆန်ဈေး မြင့်တက်လာသလို ပဲဆီဈေးလည်း လိုက်ပါမြင့်တက်လာပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလမှာ စားအုန်းဆီတင်သွင်းမှုများခဲ့လို့ ပြည်တွင်း ပဲဆီသုံးစွဲမှု လျော့ကျခဲ့တော့ မြေပဲဈေးလည်း ကျဆင်းခဲ့တာပါ။ ပြည်တွင်းမြေပဲဆန် ထွက်ရှိချိန်မှာ စားအုန်းဆီတင်သွင်းမှုကို လျှော့ချသင့်ပါတယ်။ လက်ရှိမှာ ပြည်တွင်းနှမ်းမျိုးစုံကို ပို့ကုန်တင်ပို့မှုရှိလာတော့ နှမ်းဈေးကွက် ပြန်ကောင်းလာပါတယ်။ ပြည်တွင်းသုံး ကုလားပဲ အုပ်စုကတော့ ပုံမှန်ဈေးကွက်သာရှိနေပါတယ်"ဟု ၎င်းက ပြောသည်။

အောက်တိုဘာ ၃၀ရက်တွင် ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀၊ မတ်ပဲ(အသစ်) တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ ပဲစင်းငုံမှာ အရောင်းအဝယ်မရှိ၊ ပေါက်ဈေးဖွင့်နိုင်ခြင်းမရှိဘဲ ပဲတီစိမ်း အညာတစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲ အုပ်စုမှာ ပုံမှန်အရောင်းအဝယ်ဖြင့် ဈေးငြိမ်နေရာ အောက်တိုဘာ ၃၀ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၃၀၀၀၊ 929 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၃၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဈေးအနည်းငယ် ဆက်လက်ကျဆင်းလာရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀၀၊ ကနေဒါ စားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၄၀၀-၈၅၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံမှာ ပို့ကုန်သမားများအဝယ်ကောင်းသဖြင့် အောက်တိုဘာ ၃၀ရက်တွင် နှမ်းမျိုးစုံ အရောင်းအဝယ်အေးနေရာ နှမ်းနက်(စမုန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၆၂၀၀၀၀၊ အက်စစ်လွတ် တစ်အိတ်လျှင် ငွေကျပ် ၆၇၀၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀၊ နှမ်းဖြူ(ဗမာ) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၇၅၀၀၀၊ နှမ်းညို ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**ရွှေမန်း**



# ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



**တံတားဦး အောက်တိုဘာ ၃၁**

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူငယ်မောင်မယ်များနှင့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်သည်နှင့်အညီ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့် ကျောင်းသားလူငယ်များ စာဖတ်သည့် အလေ့အကျင့်များ ပျော်မွေ့လာစေရန် ရည်ရွယ်ပြီး မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ မြို့မအခြေခံပညာအလယ်တန်းကျောင်းတွင် အောက်တိုဘာ ၃၀ နံနက် ၁၀ နာရီက လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တံတားဦးခရိုင် ပညာရေးမှူး ဒေါ်သန်းသန်းဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုမောင်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ထည့်သွင်းကျင်းပမည့် စာပေပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ စာအုပ်စာစောင်ပြပွဲများ၊ နံရံကပ်စာစောင်ပြသမည့်နေရာနှင့် ပြခန်းများခင်းကျင်းပြသမည့် အခမ်းအနား ကျင်းပမည့်လုပ်ငန်းအသေးစိတ်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများက အသီးသီးဆွေးနွေးကြသည်။ အဆိုပါ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဒီဇင်ဘာ ၄ ရက်တွင် တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ သိရသည်။

**(အပေါ်ပုံ)**

**ဦးရဲတင့်(ပြန်/ဆက်)**

# ချည်မျှင်ရှည်ဝါ B-31 အထွက်နှုန်းရရှိရေး စံပြကွက်(၁၀)ဧက အောင်မြင်ဖြစ်ထွန်းနေမှု ကွင်းသရုပ်ပြပွဲ ကျင်းပ



**တံတားဦး အောက်တိုဘာ ၃၁**

တံတားဦးခရိုင်၊ တံတားဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကျင်းပသည့် ချည်မျှင်ရှည်ဝါ B-31 အထွက်နှုန်းရရှိရေး စံပြကွက် ၁၀ ဧက အောင်မြင်ဖြစ်ထွန်းနေမှုအား ကွင်းသရုပ်ပြပွဲကို ယနေ့ နံနက် ၁၀ နာရီက ချောင်းခွကျေးရွာအုပ်စု ချောင်းပတ်ကျေးရွာ ကွင်းအမှတ် ၁၄၁၃ တောင်သူ ဦးကျော်မင်း၏ ချည်မျှင်ရှည်ဝါ B-31 စိုက်ကွင်းတွင် ကျင်းပခဲ့သည်။

အဆိုပါကွင်းသရုပ်ပြပွဲသို့ တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းထိုက်နှင့်တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကနေဒီထွန်းနှင့် ဝန်ထမ်းများ၊ ဝါစိုက်တောင်သူများ တက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိက ချည်မျှင်ရှည်ဝါ B-31 စံပြကွက် ၁၀ ဧကနှင့် ရွှေတောင် ၁၀ မျိုးစေ့ထုတ် ၁၀ ဧကတို့ စိုက်ပျိုးနည်းစနစ်နှင့် အောင်မြင်ဖြစ်ထွန်းမှုအကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး ကွင်းသရုပ်ပြပွဲသို့ တက်ရောက်လာသူများအား ချည်မျှင်ရှည်ဝါ B-31 စံပြကွက် အောင်မြင်ဖြစ်ထွန်းမှုကို ကြည့်ရှုအားပေးပြီး ခရိုင်အုပ်ချုပ်ရေးမှူးမှ လိုအပ်သည်များကို လမ်းညွှန်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ချည်မျှင်ရှည်ဝါ B-31 ၆၇ ဧကနှင့် ရွှေတောင် ၁၀ မျိုးစေ့ထုတ် ၁၀ ဧကတို့ကို စိုက်ပျိုးကြသည့် တောင်သူများအား ရွက်ဖျန်းအားဆေးနှင့် ပိုးသတ်ဆေးဘူး ၇၇ ဘူး ထောက်ပံ့ပေးခဲ့ပြီး ယူရီးယားဓာတ်မြေသြဇာ တစ်ဧကလျှင် ၁ အိတ်နှုန်းဖြင့် စုစုပေါင်း ၇၇ အိတ်ကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(၄၀၉)**

* - * - * - * - *

သစ်တော
သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်
စိုက်ရှေ့တိုက်ကိုစိုး။




ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုဇနမေ

## ရွှေလက်ပိုင်ရှင်များ လယ်ယာခွင်

* ထနောင်းရိပ်တန်း
ပင်ဇောင်ချမ်းနှင့်
ရွာလမ်းဝဲယာ
အေးရိပ်ဖြာ၏ ။

* ရွာဦးကျောင်းရံ
အုန်းမောင်းညံလျက်
တွန်သံခြိမ့်ဟည်း
ကြက်ဖကြီး၏
အောက်အီးအီးအွတ်
အော်မြည်လွှတ်သည်
ရောင်ထွက်ရောင်ဝါလင်းတော့မည်။

* နွားနီနွားညို
ဟဲ့---သံဆို၍
သီချိုတေးသံ
ဟစ်ကြွေးညံသည်
မိုးယံသောက်သည့် နံနက်ခင်း။

* လာပေ့ယောက်ဖ
နောက်မကျနဲ့
ယောက်မတွေလည်း
သူ့အတွဲနှင့်
လယ်ထဲဆင်းရန်
အားကြိုးသန်ပေ့။

* တို့မြန်မာပြည်
တို့ဌာနီမှာ
မြေဆီမြေလွှာ
သင်းနံ့ဖြာလျက်
သြဇာပြည့်ဖြိုး
ဆန်စပါးကို
ဆပွားတိုးကာ
ဖြိုးမောက်လာအောင်
ညီညာထမ်းရွက်
တို့ရွှေလက်နှင့်
ဆက်ဆက်ကြိုးပမ်းကြပါစို့။ ။

**သျှင်သစ္စာ**

# သတင်းပဒေသာ

## လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော "လူငယ်စကားဝိုင်း" ဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲက ဈေးတန်းရပ်ကွက်အတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အသိပညာပေးလုပ်ငန်းများ လစဉ် ကွင်းဆင်းဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသားလူငယ်များ အသိပညာဗဟုသုတရရှိစေရန် အသိပညာပေးလုပ်ငန်းများကို လစဉ်ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ထီထပ်အခြေခံပညာမူလတန်းကျောင်းတွင် နယ်လှည့်ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်စာစောင်ပြပွဲများကို ယမန်နေ့ နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အာစရိယပူဇော်ပွဲအခမ်းအနား ကျင်းပ

နတ်တလင်းခရိုင်၊သဲကုန်းမြို့ အခြေခံပညာအထက်တန်း(သဲကုန်း)တွင် ကျောင်းသား၊ ကျောင်းသူဟောင်းများမှ ဆောင်ရွက်သော (၄၂)ကြိမ်မြောက် မြတ်ဆရာအာစရိယပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းကအဆိုပါကျောင်းရှိ သာစုခန်းမ၌ ကျင်းပရာ အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဆရာမကြီးဒေါ်သိန်းဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ ဆရာကြီး၊ ဆရာမကြီးတို့အား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော် ကန်တော့ခဲ့ကြပြီး ကျောင်းအုပ်ဆရာကြီး ဦးတင်လတ်နှင့် ဆရာမကြီးဒေါ်ခင်အေးတို့မှ ဆုံးမဩဝါဒစကားများ အသီးသီး ချီးမြှင့်ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ

ထန်းတပင်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၏အစီအစဉ်ဖြင့် မြို့နယ်အတွင်းရှိ သွေးတိုး၊ ဆီးချို၊ နှလုံးသွေးကြောကျဉ်းရောဂါဝေဒနာရှင်များအတွက် ယမန်နေ့ နံနက် ၉ နာရီခွဲက မြို့နယ်ပြည်သူ့ဆေးရုံ၊ လူနာစောင့်များ နားနေဆောင်၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး

တန့်ယန်းမြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အမှတ်(၁)ရပ်ကွက်၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်အောင်က အဖွင့်အမှာစကားပြောကြားသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်စိုး၊ မြို့နယ်ဥပဒေအရာရှိ ဦးထက်လင်းဟန်၊ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ် ဝင်းကိုကိုနှင့် လမ်းဦးစီးဌာနမှူး ဦးတိုးဇေယျာလင်းတို့က မော်တော်ယာဉ်အသုံးပြုသူများနှင့် လမ်းအသုံးပြုသူများ သိရှိလိုက်နာနိုင်ရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများအား ပရိဂျက်တာဖြင့် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မကိုဋ်တော်တွင် တပ်ဆင်ပူဇော်ရန် ပတ္တမြားဆွဲသီး လှူဒါန်း

**မန္တလေး အောက်တိုဘာ ၃၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ၆၃လမ်း၊ ၂၈လမ်းနှင့် ၂၉ လမ်းကြားတွင် တည်ရှိသော မဟာလောကရန်နိုင်အောင်တော်မူမြတ်စွာဘုရားသို့ အလှူရှင်များက လှူဒါန်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက် နံနက် ၈ နာရီတွင် (ခင်ပွန်း)ဦးအုံးမြင့်အား ရည်စူး၍ မန္တလေး၊ ၁၀၂လမ်း၊ ၈၇လမ်း၊ ရတနာသီရိလမ်းနေ (ဇနီး) ဒေါ်သီတာချို မွေးနေ့အလှူ၊ (သား)မောင်ပြည့်ဖြိုးဦး+မအေးသဉ္ဇာခိုင်၊(သား)မောင်ဥက္ကာ၊ (သမီး)မဖွန့်ဖြိုးသီရိဦး မိသားစုမှ မဟာလောကရန်နိုင်အောင်တော်မူမြတ်စွာဘုရား မကိုဋ်တော်တွင် တပ်ဆင်ပူဇော်ရန်အတွက် ပတ္တမြားဆွဲသီး ငွေကျပ်တစ်ဆယ့်နှစ်သိန်းကို လှူဒါန်းခဲ့ရာ ဂေါပကအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးဝင်းရွှေ၊ စာရင်းစစ် ဦးတင်အောင်၊ စာရင်းစစ် Dr ·သန့်စင်ထွန်းနှင့် အဖွဲ့ဝင် ဦးစိုးလွင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။ အလှူငွေများအား လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံးဖုန်း ၀၂-၄၀၃၆၁၀၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၁)**

*-*-*-*-*-*-*

# မိုးပေါ်ကျ ကထိန်အတွက် ပဒေသာပင်များ လှူဒါန်း

**နတ်မောက် အောက်တိုဘာ ၃၁**

မန္တလေးမြို့၊ တောင်စလင်းတိုက်သစ်ဘာဝနာဌာန၊ ပဓာနနာယက ဆရာတော်၊ နယ်စပ်တောင်တန်းနှင့် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်ဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဓေမဟာရဋ္ဌဂုရု ဦးဆောင်သည့် မိုးပေါ်ကျကထိန်အတွက် တစ်ပါးကျောင်းတစ်ကျောင်းလျှင် ငွေကျပ်ခြောက်သောင်းဖြင့် လှူဒါန်းကုသိုလ်ပြုလျက်ရှိနေပါသည်။ မန္တလေး၊ချမ်းမြသာစည်မြို့နယ်နေ အလှူရှင် ဒေါ်ရင်မိသားစုက မိုးပေါ်ကျ ကထိန်အတွက် ငါးကျောင်းစာ ငွေကျပ်သုံးသိန်းအား ယမန်နေ့က လှူဒါန်းရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်ရုံး(မန္တလေး) ကိုယ်စား မွန်ပြည်နယ် ဦးစိုးမြင့်နှင့်အဖွဲ့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

အလားတူ မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ အလှူရှင် ဦးပညာသာမိ၊ ကိုပြည့်ဖြိုးမောင်အား ရည်စူး၍ ဦးတင်မောင်ဝင်း+ဒေါ်မြသန်းမိသားစုက တစ်ပါးစာ၊ အမရပူရမြို့၊ မှန်တန်းရပ်နေ ဦးကောက်ကောက်+ဒေါ်ခင်စန်းလွင် (သမီး)မလွင်လွင်မော် (သား)မောင်အာကာလွင်+မယန်မလေး (သမီး)မဖြိုးသီဂီကျော် မိသားစုက တစ်ပါးစာ၊ ပုသိမ်ကြီးမြို့နယ်နေ အလှူရှင်ဒေါ်သိန်းရှင်အားရည်စူး၍ (မြေး)မောင်ဉာဏ်လင်းအောင်+မချိုသဇင်ဌေး မိသားစုက တစ်ပါးစာ၊ မန္တလေး အောင်မြေသာစံမြို့နယ်နေ အလှူရှင် ကိုနိုင်မျိုးအောင်+မခင်ထွေးမိသားစုက တစ်ပါးစာ အသီးသီးလှူဒါန်းကြကြောင်း သိရသည်။

**(အောက်ပုံ) (ကဆ)**




**မီးမရှို့၊ မြေမမြှုပ်**
**စက္ကူတွေကို ဒါနလုပ် ။**



# မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရား အကြိမ်(၄၀)မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်

**မန္တလေး အောက်တိုဘာ ၃၁**

မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရား အကြိမ်(၄၀)မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲကို အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီက ဆုတောင်းပြည့်ဘုရားရင်ပြင်တော်တွင် ကျင်းပရာ မန္တလေးတောင်ဆုတောင်းပြည့်ဘုရား ဩဝါဒါစရိယဆရာတော်ကြီးများ၊ ပင့်သံဃာတော်များ ကြွရောက်ကြပြီး အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ အဖွဲ့ဝင် ဦးတင်မောင်ဝင်း၊ အောင်မြေသာစံမြို့နယ်ဥက္ကဋ္ဌ ဦးအောင်သန်းဇော်၊မန္တလေးတောင်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် မန္တလေးတောင်တော် ဩဝါဒါစရိယ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသဝထံမှ ကိုးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆက်ကပ်သည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များထံမှ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ထို့နောက် ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်သည်။

အကြိမ်(၄၀)မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ပြီး ပဋ္ဌာန်းရွတ်ဖတ်သော သံဃာတော်များအား မန္တလေးတောင်ဂေါပကအဖွဲ့နှင့် ဝန်ထမ်းများ၊ စေတနာအလှူရှင်များက ဆွမ်း၊ အချိုရည်၊ ပဋ္ဌာန်းပရိတ်ရေ၊ ပရိတ်ကြိုးများ၊ ရေသန့်တို့ လှူဒါန်းကြကြောင်းသိရသည်။

**(အပေါ်ပုံ)**

**(၀၄၅)**

# အမည်ကိုဆန် နေရပ်ပြန်တော့ နဘံမိုးလုံး ခြိမ့်လို့ကျော် (၂)

လွန်ခဲ့သော ဝါခေါင်လဆန်း ၈ ရက် ဥပုသ်နေ့ကဖြစ်၏။ အဘိုးတို့ စကားဝိုင်းဖွဲ့ရာ သုမေ္မာဇရပ်သို့ ရောက်ခဲ့၏။ သက်ကြီး စကားသက်ငယ်ကြားဆိုသည့်အတိုင်း အဘိုးတို့စကားဝိုင်းသည် မှတ်သားစရာများ စုံလင်နေ၏။ လောကကြီးပွားရေး၊ စီးပွားရေး၊ လောကုတ္တရာ မင်္ဂရေး၊ ဖိုလ်ရေး နိဗ္ဗာန်ရေးတွေလည်း ပါ၏။

'ကိုကြီးချမ်းအေးရေ လွန်ခဲ့တဲ့ ဥပုသ်နေ့က ပြောခဲ့တဲ့ နာမည်ပေးနည်းတွေကတော့ စုံသလောက်ရှိသွားပြီနော်။ ဒီနေ့တော့ ဘုရားစေတီ ဘွဲ့တော်ပေးနည်းတွေကို ပြောကြစို့လေ'

'ဟုတ်ပြီလေ ကိုရင်တုတ်ခိုင်ရဲ့'

'ဘုရားစေတီဘွဲ့တော် ပေးတာကတော့ လူနာမည်ပေးနည်းနဲ့ မတူဘူးလေ။ ကိုကြီးဘစောရဲ့ တနင်္ဂနွေသားက၊ တနင်္ဂနွေသမီးက ဘုရားတည်တယ်ဆိုပါတော့။ အဲ့ဒီ တနင်္ဂနွေသားသမီးရဲ့ ပိုင်ဆိုင်တဲ့ အက္ခရာနံကို ဘုရားဘွဲ့တော်ရဲ့ အဆုံးမှာ ထည့်ပြီး မှည့်ရတယ်။ ဥပမာ-ဖောင်တော်ဦးဘုရား၊ ရတနာစံဦးဘုရားဆိုတဲ့ ဘွဲ့တော်မျိုးပေါ့။ ဒါက 'ဦး-ဦး'ဆိုတာ တွေဟာ တနင်္ဂနွေနံရဲ့ အက္ခရာတွေပဲပေါ့'

'ပြီးတော့ တနင်္လာသားသမီးက ဘုရားတည်တယ်ဆိုပါတော့။ မှည့်ရမယ့်ဘွဲ့က တနင်္လာနံ အဆုံးထားရမယ်။ ဥပမာ-ရွှေဂူဘုရား၊ ရွှေစည်းခုံဆိုတဲ့ ဘုရားဘွဲ့တွေပဲပေါ့။ နောက်ဆုံးမှာ တနင်္လာနံဖြစ်တဲ့ 'ဂူ-ခုံ'ဆိုတာတွေဟာ တနင်္လာနံရဲ့ အက္ခရာတွေပဲပေါ့'

'ပြီးတော့ အင်္ဂါသားသမီးတွေက ဘုရားတည်တယ်ဆိုပါတော့။ မှည့်ရမယ့်ဘွဲ့က အင်္ဂါနံအဆုံးထားရမယ်။ ဥပမာ- သဗ္ဗညုဘုရား၊ ရတနာမဉ္ဇူဘုရားဆိုတဲ့ ဘုရားဘွဲ့တွေပဲပေါ့။ နောက်ဆုံးမှာ အင်္ဂါနံဖြစ်တဲ့ 'ညု-ဇူ'ဆိုတာတွေဟာ အင်္ဂါနံရဲ့အက္ခရာတွေပဲပေါ့'

'ပြီးတော့ ဗုဒ္ဓဟူးသားသမီးတွေက ဘုရားတည်တယ်ဆိုပါတော့။ မှည့်ရမယ့်ဘွဲ့က ဗုဒ္ဓဟူးနံအဆုံးထားရမယ်။ ဥပမာ- တဏှာက်ရာဘုရား၊ မေခေါ်ရာဘုရားဆိုတဲ့ ဘုရားဘွဲ့တွေပဲပေါ့။ နောက်ဆုံးမှာ ဗုဒ္ဓဟူးနံဖြစ်တဲ့ 'ရာ-ရာ'ဆိုတာတွေဟာ ဗုဒ္ဓဟူးနံရဲ့အက္ခရာတွေပဲပေါ့'

'ပြီးတော့ ကြာသပတေးသားသမီးတွေက ဘုရားတည်တယ်ဆိုပါတော့။ မှည့်ရမယ့်ဘွဲ့က ကြာသပတေးနံအဆုံးထားရမယ်။ ဥပမာ- ဂေါတမဘုရား၊ ကဿပဘုရားဆိုတဲ့ ဘုရားဘွဲ့တွေပဲပေါ့။ နောက်ဆုံးမှာ ကြာသပတေးနံဖြစ်တဲ့ 'မ-ပ'ဆိုတာတွေဟာ ကြာသပတေးနံရဲ့အက္ခရာတွေပဲပေါ့'

'ပြီးတော့ သောကြာသားသမီးတွေက ဘုရားတည်တယ်ဆိုပါတော့။ မှည့်ရမယ့်ဘွဲ့က သောကြာနံအဆုံးထားရမယ်။ ဥပမာ- ဆတ္တဒသီဘုရား၊ ဓမ္မဒသီဘုရားဆိုတဲ့ ဘုရားဘွဲ့တွေပဲပေါ့။ နောက်ဆုံးမှာ သောကြာနံဖြစ်တဲ့ 'သီ-သီ'ဆိုတာတွေဟာ သောကြာနံရဲ့အက္ခရာတွေပဲပေါ့'

'ပြီးတော့ စနေသားသမီးတွေက ဘုရားတည်တယ်ဆိုပါတော့။ မှည့်ရမယ့်ဘွဲ့က စနေနံအဆုံးထားရမယ်။ ဥပမာ- စူဠာမုနိဘုရား၊ စေတနာဘုရားဆိုတဲ့ ဘုရားဘွဲ့တွေပဲပေါ့။ နောက်ဆုံးမှာ စနေနံဖြစ်တဲ့ 'နိ-နာ'ဆိုတာတွေဟာ စနေနံရဲ့အက္ခရာတွေပဲပေါ့'

'နေပါဦး ကိုကြီးစိန်ချုပ်ရဲ့။ ဒီနေ့ခေတ် ဘုရားဘွဲ့တော်တွေကလည်း ဝေဿန္တရာမင်းကြီးကြလို့။ဒါလေးလည်း လင်းစမ်းပါဦးလေ'

'ဘုရားနဲ့ဝေးလာတဲ့အချိန်မှာ ဘုရားကိုးကွယ်မှုတွေကလည်း လျော့တော့တော့ ရဲတဲတဲဖြစ်လာတယ်လို့ ပြောရမှာပဲ။ ကိုကြီးချမ်းအေးရယ်။ ဘုရားနဲ့ နီးတဲ့အချိန်တုန်းကတော့ ဘုရားကိုးကွယ်တဲ့ ခေတ်ကိုး။ ဂုဏဗုဒ္ဓခေတ်လို့ခေါ်တယ်။ ဘုရားရဲ့ဂုဏ်တော်တွေကို မှန်းပြီး ကြည်ညိုကိုးကွယ်ကြတာလေ။ ပင်းယခေတ်၊ အင်းဝခေတ်လောက် ရောက်လာတော့ ဘုရားကိုးကွယ်မှုတွေဟာ ပြောင်းလဲလာတယ်။ ရူပဗုဒ္ဓခေတ်လို့ ဆိုရမှာပဲ ဘာဖြစ်လို့လဲဆိုရင် ဘုရားရုပ်ပွားထုလုပ်တဲ့အခါ ရွှေရေးတွေ ဆွဲလာတယ်။ ရုပ်ပွားတော်ကို အမျိုးမျိုး ချယ်သထားတယ်။ တချို့ပန်းပုဆရာတွေက ရုပ်ပွားတော်ကို ပြုံးနေအောင် ထုတ်လုပ်ကြတယ်။ ဒါကိုပဲ တချို့က ငါတို့ဘုရားက ပြုံးနေတာပဲလို့တောင် ဂုဏ်ယူနေလိုက်ကြသေးတယ်။ အတိအလင်း ပြောရရင်တော့ ဘုရားကို ချောအောင် လှအောင် မွမ်းမံလာကြတယ်။ ပုံတော်ကိုကြည့်ပြီး ကိုးကွယ်ကြတာပေါ့။ ဒါကြောင့် ရူပဗုဒ္ဓခေတ်လို့ ဆိုနိုင်တာပေါ့'

'ဗုဒ္ဓရဲ့အလှအပ ပုံတော်ကို ကိုးကွယ်လာကြတဲ့ ခေတ်လွန်သွားတော့ နာဝမဗုဒ္ဓခေတ်လို့ ပေါ်လာတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀-၅၀ နှစ်လောက်ကစပြီး နာမဗုဒ္ဓခေတ်ပေါ်လာတယ်လို့ ပြောရမှာပဲ နာမည်ကို ဦးစားပေးပြီး ကိုးကွယ်နေကြတာပေါ့။ ဟိုဟာ၊ ဒီဟာ အောင်ချင်တော့ အောင်တော်မူတဲ့။ ဟိုပြန်၊ ဒီပြန် ပြန်ချင်တော့ ပြည်တော်ပြန်တဲ့။ လိုချင်တာ မှန်သမျှ ပြည့်ပြည့်ဝဝရချင်တော့ အလိုတော်ပြည့်တဲ့။ ဒါတွေဟာ အမည်ကို လိုက်ပြီး ကိုးကွယ်နေကြတာပဲ မဟုတ်လား။ ဘုရားဘွဲ့တော်အမည်ပေးတာကိုတော့ သိပြီထားပါတော့။ ကိုကြီးစိန်တင်ရာ။ ဘယ်လိုကစပြီး ဘယ်လို ဘုရားတွေ တည်ခဲ့တယ်ဆိုတာကို ပြောပြရင် မကောင်းဘူးလား'

'ကောင်းတယ်လေ။ ဒါကိုတော့ ကိုကြီးဘက်ကပဲ တစ်တစ်ခွခွ ပြောပြပါလိမ့်မယ်'

'ကိုကြီးစိန်တင်က ပြောပြပါဆိုတော့လည်း သိသမျှ မှတ်သမျှ ပြောရတော့မှာပေါ့လေ။ မြင့်မြတ်တဲ့ သူတွေကို ရည်စူးပြီး စေတီတည်တဲ့ဓလေ့ဟာ မဇ္ဈိမဒေသမှစတင်ပေါ်ခဲ့တယ်။ သိဒ္ဓတ္ထမင်းသားဆံတော်ပယ်တဲ့အခါ သူပယ်တဲ့ဆံပင်တွေကို အထက်ကောင်းကင်ဆီ မြှောက်ပစ်လိုက်တယ်။ အဲဒီဆံပင်တွေကို သိကြားမင်းက လှမ်းယူပြီး တာဝတိံသာနတ်ပြည်မှာ စူဠာမဏိစေတီ တည်လိုက်တယ်။ ဒီစေတီဟာ ပထမဆုံးတည်တဲ့(ရွှေဆံတော်)စေတီပဲပေါ့။

'တဖုဿနှင့် ဘလ္လိက ညီနောင်တို့ဟာ ဘုရားရဲ့ ဆံတော် (၈)ဆူ ရခဲ့လို့ သိင်္ဂုတ္တရကုန်းတော်ပေါ်မှာ အဲ့ဒီဆံတော် (၈)ဆူကို ဌာပနာပြီး တည်ထားတဲ့ ရွှေတိဂုံစေတီဟာ ဒုတိယမြောက် ရွှေဆံတော် စေတီပဲပေါ့။

'စေတီဆိုတာ' 'စေတိယ'က ဆင်းသက်လာတဲ့ စကားပဲပေါ့။ 'စေတီယ'ဆိုတာ သင်္ချိုင်းမြေပုံ မို့မို့မောက်မောက်ကို ပြောတာပဲ။ ထင်ရှားပြီး လေးစားမြတ်နိုးအပ်တဲ့ ပုဂ္ဂိုလ်များ ကွယ်လွန်တဲ့အခါ ဝမ်းနည်းခြင်း၊ ရိုသေမြတ်နိုးခြင်း၊ လေးစားကြည်ညိုခြင်း၊ အထိမ်းအမှတ်အဖြစ် မြှုပ်နှံထားတဲ့ မြေပုံပေါ်မှာ ထီးရိုးရှည်ရှည်ကို အထိမ်းအမှတ်အဖြစ် စိုက်ထူထားကြတာပဲပေါ့'

'စိုက်ထားတဲ့ ထီး လဲမသွားအောင် တိုင်ခြေမှာ ဝိုင်းရံပြီး မြေခဲ၊ ကျောက်ခဲတို့နှင့် မို့မို့မောက်မောက် ဖိထားတယ်။ အဲ့ဒီ အောက်ခြေမှာပဲ ပစ္စယာသုံးဆင့်ကို တွေ့ရပြန်တယ်။ အဲ့ဒီအပေါ် တက်လို့ရအောင် မကန်းလှေကားသုံးဆင့် လုပ်ထားတာကိုလည်း တွေ့ရတယ်။ အပေါ်မှာလည်း စေတီကို လှည့်ပတ်သွားလို့ရအောင် လမ်းလုပ်ထားတယ်။ အဲ့ဒီအပေါ်မှာမှ လုံးဝက်ခြမ်းပုံ ခုံး(ဂုံး)တင်ထားတယ်။ ဒါကို ဓာတ်တော်ဝမ်းဗိုက်လို့ ခေါ်တယ်။ တချို့ကလည်း ဓာတုဂဗ္ဘလို့တောင် ဆိုကြသေးတယ်'

'အဲ့ဒီ ဓာတ်တော်တိုက်အပေါ်မှာ ဟာမိက တင်ထားတယ်။ ပြီးတော့ ဟာမိကအပေါ်မှာ ဆတ္တာဝါလိလို့ခေါ်တဲ့ ထီးကို စိုက်ထားတယ်။ ပြောခဲ့တာတွေကို အခြေခံပြီး အုတ်တို့၊ ကျောက်တို့နဲ့ စေတီတည်လိုက်တဲ့အခါ ဆံချီစေတီမျိုးဖြစ်သွားတာပေါ့'

'ဆံချီစေတီကို အသောကမင်းကြီးတည်ခဲ့တာပါ။ ဆံချီစေတီဟာ စစ်ကိုင်းက ရာဇမဏိစူဠာလို့ခေါ်တဲ့ ကောင်းမှုတော်စေတီကြီးနဲ့ တော်တော်တူတယ်။ ကြီးလည်း ကြီးတယ်။ ဧရာမကြီးပဲ။ ဒါဟာ သေသူကို လွမ်းဆွတ်ပြီး တည်ထားတဲ့ ရှေးကျတဲ့ အယူအဆပဲပေါ့'

'ဗုဒ္ဓရဲ့ခေတ်ပြိုင်ကာလမှာတော့ မြေမမြှုပ်ကြဘဲ မီးသင်္ဂြိုဟ်နေတာကို တွေ့ရတယ်။ ဗုဒ္ဓရဲ့ဓာတ်တော်တွေကို ထည့်သွင်းဌာပနာပြီး တည်ဆောက်ထားတဲ့ သင်္ချိုင်းကို စေတီလို့ အသိအမှတ်ပြုလာကြတယ်'

'ဘုရားရှင်ရဲ့အရိုးပြာထားရှိရာနေရာဟာလည်း စေတီတစ်ဆူဖြစ်လာခဲ့တယ်။ ဘုရားပရိနိဗ္ဗာန်စံပြီးနောက် ကိုယ်စားတော်အဖြစ် ဖူးမြော်နိုင်ကြဖို့ စေတီတော်တည်ထားခြင်းဖြစ်တယ်။ စေတီ၊ ပုထိုးဆိုတာ ဓာတ်တော်၊ မွေတော်တို့ကို ထည့်သွင်းပူဇော်ထားပါမှ အဓိပ္ပာယ်ရှိပါမယ်။ ဒါကြောင့် ဘုရားမရှိပေမယ့် ဘုရားရှိသလို ဓာတ်တော် မွေတော်တွေ ထည့်သွင်းတည်ထားပြီး ကိုးကွယ်ကြမယ်ဆိုရင် ဘုရားရှင် ဒိဋ္ဌရှိနေသလိုပဲ အကျိုးပေးကြမှာဖြစ်ပါတယ်'

'စေတီတည်လိုက်တဲ့ပုဂ္ဂိုလ်ကတော့ လေးဦးပဲရှိတယ်နော်။ အဲ့ဒီလေးဦးက (၁)ဂေါတမဘုရား၊ (၂) ပစ္စေကဗုဒ္ဓါ၊ (၃) ရဟန္တာ၊ (၄) စကြဝတေးမန္ဓာတ်မင်းတို့ပေါ့'

စေတီကိုတချို့က အုတ်ပုံလို့ပြောနေကြတယ်။ ဒါဟာ အမှားတွေပဲ တစ်ဖက်ကန်းတွေပဲ ကြည့်တဲ့သူဟာ အုတ်ကိုသာ မြင်နေလို့ပဲတဲ့။ ဒီစေတီမှာ ဘုရားရှင်ရဲ့ မေသရီရဓာတ်တော်များ ဌာပနာထားတယ်။ ဒါကြောင့် အုတ်ပုံများ မဟုတ်ဘူး။ မြင့်မြတ်လွန်းတဲ့ တုနှိုင်းမရတဲ့ဘုရားရဲ့ ဂူသင်္ချိုင်းတော်ပဲပေါ့။ ဒိဋ္ဌေဒိဋ္ဌအကျိုးပေးမှာပဲပေါ့။ စေတီပုထိုးမှာ မမြင်နိုင်တဲ့ ကြီးမားတဲ့ လူသားယဉ်ကျေးမှု စိတ်စွမ်းအားများရှိနေတယ်ဆိုတာ သိကြဖို့လိုတယ်'

အဘိုးတို့၏ စကားဝိုင်းသည် ရပ်သွား၏။တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အိမ်ဂေဟာသို့ ပြန်ကြရန် အချက်ပြလိုက်ကြပြီးတည်း။ ။

**မောင်လောက**

## လာမည့် ကြံရာသီတွင် ကြံတောင်သူများက ကြံတစ်တန်လျှင် ၂၀၀၀၀၀ ဝန်းကျင်ဖြင့် ဝယ်ယူရန် သကြားစက်များနှင့် ညှိနှိုင်း

**မန္တလေး အောက်တိုဘာ ၃၁** လာမည့် ကြံရာသီတွင် ကြံစိုက်တောင်သူများက ကြံတစ်တန်လျှင် ငွေကျပ် ၂၀၀၀၀၀ ဝန်းကျင်ဖြင့် ဝယ်ယူပေးရန် ကြံကြိတ်ဝါးသည့် သကြားထုတ်စက်ရုံများနှင့် အောက်တိုဘာ ဒုတိယပတ်က ညှိနှိုင်းခဲ့ကြကြောင်း မန္တလေးတိုင်းဒေသကြီး၊တကောင်း ဒေသမှ ကြံတောင်သူတစ်ဦးက ပြောသည်။ (ဝဲပုံ)



ကြံတစ်တန်လျှင် ငွေကျပ် ၂၀၀၀၀၀ ဝန်းကျင် ရရှိမှသာ ကြံစိုက်တောင်သူများအတွက် အမြတ်အစွန်းရရှိမှာဖြစ်၍ ညှိနှိုင်းခဲ့သော်လည်း ကြိတ်ဝါးစက်ရုံများဘက်က ၎င်းတို့ဝယ်ယူနိုင်မည့် ဈေးနှုန်းကို ပြောဆိုခြင်းမရှိသေး ဟု ဆိုသည်။

'ကြံဝယ်မယ့် စက်ရုံတွေနဲ့ ဈေးညှိနှိုင်းတာ မှန်းသလောက် အဆင်မပြေပါဘူး။ အရင်နှစ်ဈေးဖြစ်တဲ့ ၁၂၀၀၀၀ လောက် ပေးချင်တယ်ထင်တယ်။ အဲ့ဒီဈေးက ကျွန်တော်တို့အတွက် အကျိုးအမြတ်မရှိဘူး။ တစ်တန်ကို ၂၀၀၀၀၀ လောက်မှ လုပ်နိုင်ကိုင်နိုင်ရုံပဲ'ဟု ၎င်းက ပြောသည်။

ကြံစိုက်တောင်သူများအနေဖြင့် ကြံတစ်ဧကအတွက် စိုက်ပျိုးထုတ်လုပ်မှုစရိတ်မှာ ငွေကျပ် ၁၀ သိန်းကျော် ရှိသဖြင့် ယခင်နှစ် ကြံတစ်တန်ဈေးမှာ တွက်ခြေမကိုက်၍ ဈေးတိုးမြှင့်ဝယ်ယူရန် ညှိနှိုင်းခြင်းဖြစ်ကြောင်း၊ သကြားဈေးကွက်တွင် ၂၀၂၄ နှစ်ဆန်းပိုင်းမှစ၍ တစ်ပိဿာလျှင် ငွေကျပ် ၃၈၀၀ ဝန်းကျင်မှ လက်ရှိတွင် ငွေကျပ် ၄၈၀၀-၅၀၀၀ ဝန်းကျင် ပေါက်ဈေးရှိပြီး လက်ရှိဈေးဝန်းကျင်တွင်သာ ရှိနိုင်သည်ဟု သကြားကုန်သည်တစ်ဦးက သုံးသပ်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-ဇ)

# မြစ်ချောင်းများအတွင်းသို့ ပလတ်စတစ်နှင့် အခြားအမှိုက်များ မစွန့်ပစ်ရေးနှင့် ရေသယံဇာတထိန်းသိမ်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**မင်းဘူး အောက်တိုဘာ ၃၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့၌ မြစ်ချောင်းများအတွင်းသို့ ပလတ်စတစ်နှင့် အခြားအမှိုက်များ မစွန့်ပစ်စေရေးနှင့် ရေသယံဇာတ ထိန်းသိမ်းရေးအသိပညာပေး လုပ်ငန်းများဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၉ နာရီက မင်းဘူးမြို့၊ အမှတ်(၃)ရပ်ကွက်ရှိ ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက်၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မင်းဘူးခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးဆောင်ပြီး ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဧရာဝတီမြစ်ကမ်းဘေးတွင် နေထိုင်ကြသော ရပ်ကွက်နေပြည်သူများနှင့် ကမ်းနားလမ်းရှိ မော်တော်ဆိပ်ကမ်းတစ်လျှောက်ဆိုက်ကပ်ထားသော ရေယာဉ်များ၊ စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းများအနေဖြင့် မိမိတို့ သွားလာနေထိုင်ရာ ဒေသများ၌ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက် စွန့်ပစ်အမှိုက်များ၊ ပလတ်စတစ်နှင့် အခြားအမှိုက်များကို မြစ်ချောင်းများအတွင်းသို့ စည်းကမ်းမဲ့ မစွန့်ပစ်စေရေးနှင့် ရေသယံဇာတထိန်းသိမ်းရေး၊ စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်များကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရေးနှင့် ရေထု၊ လေထု၊ မြေထုညစ်ညမ်းမှုများ မဖြစ်ပွားစေရေး ပညာပေးလုပ်ငန်းများကို ဦးစွာဆောင်ရွက်ခဲ့ပြီးနောက် ဆိပ်ကမ်းများ၌ ဆိုက်ကပ်ထားသော လုပ်ငန်းသုံး ရေယာဉ်များပေါ်တွင် အသိပညာပေး ဗီနိုင်းပိုစတာများ ကပ်ခြင်း၊ ဧရာဝတီမြစ်ကမ်းဘေး သန့်ရှင်းသာယာလှပစေရေး စုပေါင်း အမှိုက်ကောက်ယူခြင်း၊ ကမ်းနားလမ်းရပ်ကွက်များရှိ စားသောက်ဆိုင်များ၊ ဈေးဆိုင်များ၊ လူနေအိမ်များတွင် အသိပညာပေး ပိုစတာများကပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် စွန့်ပစ်အမှိုက်များကို အမှိုက်ပုံးများအတွင်း စနစ်တကျခွဲခြားစွန့်ပစ်နိုင်ရေး အသိပညာပေးလုပ်ငန်းများကို ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ခဲ့ကြသည်။

"ပင်လယ်သမုဒ္ဒရာနှင့် မြစ်များအတွင်း ပလတ်စတစ်နှင့် အခြားအမှိုက်များ မစွန့်ပစ်ခြင်းဖြင့် အဏ္ဏဝါအမှိုက်သရိုက်ညစ်ညမ်းမှု မဖြစ်ပေါ်စေရေး ဝိုင်းဝန်းထိန်းသိမ်းကြပါစို့" ဆောင်ပုဒ်နှင့်အညီ သက်ဆိုင်ရာ ဒေသအလိုက် စက်မှုဇုန်များ၊ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများနှင့် လူနေအိမ်များမှ သန့်စင်မှုမရှိဘဲ ထွက်ရှိလာသော စွန့်ပစ်ညစ်ညမ်းရေများ၊ ပလတ်စတစ်နှင့် အခြားအမှိုက်များကို ပင်လယ်သမုဒ္ဒရာနှင့် မြစ်ချောင်း၊အင်းအိုင်များအတွင်းသို့ စည်းကမ်းမဲ့ တိုက်ရိုက်စွန့်ပစ်မှုများကြောင့် ရေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေပြီး ဂေဟစနစ်ပျက်စီးကာ ရေနေသတ္တဝါများ သေဆုံးပျက်စီးခြင်း၊ အဆိုပါ မြစ်ချောင်း၊အင်းအိုင်များတွင် မှီတင်းနေထိုင်သူများ၏ စားဝတ်နေရေးနှင့် ကျန်းမာရေးကို ထိခိုက်စေခြင်းစသည့် ဆိုးကျိုးများ ဖြစ်ပေါ်စေသည့်အတွက် ရေသယံဇာတ၏တန်ဖိုးကို သိရှိ နားလည်ပြီး ယခုလို ရေသယံဇာတ ထိန်းသိမ်းရေး အသိပညာပေး လုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ဈေးများနှင့် လူစည်ကားရာ နေရာများတွင် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများကို ခရိုင်နှင့် မြို့နယ်များတွင် ဌာနဆိုင်ရာများနှင့် ပူးပေါင်းပြီး အပတ်စဉ် ဆောင်ရွက်လျက်ရှိကြောင်း မင်းဘူးခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျာက ပြောသည်။ (၅၀၀)



# ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိုင်းယောင်း အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမတွင် ယမန်နေ့က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်၊မြို့အဆင့် ဌာနဆိုင်ရာများ၊ရပ်ကွက်၊ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက အမှာစကားပြောကြားပြီး မြို့နယ်၊မြို့အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက (၁၀/၂၀၂၄) လ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် (၁၁/၂၀၂၄)လတွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး ဇော်မင်းဆွေနှင့် အဖွဲ့ဝင်(၂) ဦးစိုင်းဘွန်းစီတို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်စကား ပြောကြားခဲ့သည်။

အစည်းအဝေးအပြီးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အရာထမ်းအမှုထမ်းများနှင့် (၁၀/၂၀၂၄)လ ဝန်ထမ်းဆန္ဒဖော်ထုတ်ပွဲပြုလုပ်ပြီး အမှုထမ်းတစ်ဦး သက်ပြည့်ပင်စင်ခံစားခြင်းအတွက် ထောက်ပံ့ငွေကျပ်တစ်သိန်းခြောက်သောင်း ပေးအပ်ခဲ့သည်။ ညပိုင်းတွင် ဝမ်မန်းကျေးရွာအုပ်စု၊ဝိန်းကျိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ လျှပ်စစ်မီးရရှိသုံးစွဲနေမှုအား သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)



# ဓာတ်အားလိုင်းအပြစ်နှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရေး မြောက်ပြင်-ညောင်ကွဲဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်

**မန္တလေး အောက်တိုဘာ ၃၁**

မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသည် ဓာတ်အားလိုင်းအပြစ် လျော့နည်းစေရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးတို့အတွက် ၂၃၀ ကေဗွီ မြောက်ပြင်ပင်မဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ၃၃ကေဗွီ မြောက်ပြင်-ညောင်ကွဲဓာတ်အား လိုင်းအား ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အောင်မြေသာစံမြို့နယ်၊ ခရိုင်စုဖွဲ့အင်အားဖြင့် အောက်တိုဘာ ၃၁ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဓာတ်အားပိတ်၍ လုပ်ငန်းများ ဆောင်ရွက်သည်။

မြောက်ပြင်-ညောင်ကွဲဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်နေစဉ်ကာလအတွင်းအောင်မြေသာစံမြို့နယ်ရှိ ညောင်ကွဲ၊ အမရဌာနီအနောက်၊ ပြည်ကြီးရန်လုံ၊ ပြည်လုံးချမ်းသာ၊ မေဃဂီရိ၊ ပုလဲငွေရောင်၊ အောင်မြေသာစံ၊ မင်းတဲအီကင်းရပ်ကွက်၊ အမရဌာနီအရှေ့၊ အိုးဘို၊ ရွှေကျင်၊ ဥပုသ်တော်၊ ဘုန်းတော်တိုးနှင့် ဒေါနဘွားရပ်ကွက်တို့တွင် ဓာတ်အားပြတ်တောက်လျက်ရှိသည်။

ဓာတ်အားပြတ်တောက်ချိန်ကြာမြင့်မှုမရှိစေရေး၊ ဓာတ်အားပြတ်ဧရိယာလျှော့နည်းစေရေးတို့အတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း မိဘပြည်သူများထံ အသိပေးပန်ကြားထားကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

# အွန်လိုင်းဈေးရောင်းသူများအတွက် မှတ်ပုံတင်လက်မှတ်များကို မြေပြင်စစ်ဆေးပြီးမှသာ ထုတ်ပေးမည်

**မန္တလေး အောက်တိုဘာ ၃၁**

လာမည့်နှစ် ဇန်နဝါရီလမှစ၍ Online Saleမှတ်ပုံတင်လက်မှတ်များကို လျှောက်ထားလာသော အချက်အလက်များကို မြေပြင်စစ်ဆေးပြီးမှသာလျှင် Online Sale မှတ်ပုံတင်လက်မှတ်ကို ခွင့်ပြုထုတ်ပေးမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် Online အသုံးပြု၍ ရောင်းချခြင်းလုပ်ငန်းများကို အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိနေပြီး ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၂ ရက်ကစပြီး e-Commerce Registration System အား စတင်အကောင်အထည်ဖော်၍ Online Sale မှတ်ပုံတင်လက်မှတ်များကို ခွင့်ပြုထုတ်ပေးလျက်ရှိနေခြင်း ဖြစ်သည်။

Online Sale Registration Certificate သည် ပြည်တွင်းအသေးစားစီးပွားရေးလုပ်ငန်းများကို အွန်လိုင်းစနစ်ဖြင့် လုပ်ကိုင်ရာတွင် စနစ်တကျရှိစေရန် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် မှတ်ပုံတင်ရာတွင် ကုမ္ပဏီဖြစ်ပြီး MSMEs ကတ်တင်ပြပါက မှတ်ပုံတင်ကြေးငွေကျပ် ၅၀၀၀၀ သာ ပေးသွင်းရမည် ဖြစ်ကာ MSMEs ကတ်မပါ ရှိပါက ငွေကျပ် ၇၀၀၀၀ နှင့် Individual အနေဖြင့် လျှောက်ထားလိုပါက ငွေကျပ် ၃၀၀၀၀ ကျသင့်မည်ဖြစ်သည်ဟု သိရသည်။

လက်ရှိတွင် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂ ရက်မှ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလကုန်အထိ Online Sale မှတ်ပုံတင်လက်မှတ် ခန့်မှန်း ၈၈၉၁ ခန့် ထုတ်ပေးထားပြီး နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် ဆက်လက်ထုတ်ပေးသွားမည်ဖြစ်သည်ဟုလည်း စီး/ကူးက ပြောသည်။

သို့သော် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှစ၍ e-Com Reg စနစ်တွင် လျှောက်ထားလာသော အချက်အလက်များကို စားသုံးသူရေးရာဦးစီးဌာနမှ မြေပြင်စစ်ဆေးပြီးမှသာလျှင် ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် Online Saleမှတ်ပုံတင်လက်မှတ်ကို ခွင့်ပြုထုတ်ပေးမည်ဖြစ်သည်ဟု ဆိုသည်။

အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့်လုပ်ငန်းများကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂၁ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဥပဒေပုဒ်မ(၄)၊ ပုဒ်မခွဲ(ဂ)အရ ထုတ်ပြန်သတ်မှတ်ထားခဲ့ခြင်း ဖြစ်သည်။

ထုတ်ပြန်ထားသော အမိန့်စာအရ ယင်းအမိန့်စာ ခြောက်လ ပြည့်ပြီးသည့် အချိန်မှစ၍ မှတ်ပုံတင်လက်မှတ်မရှိဘဲ အွန်လိုင်းဖြင့် ရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်ကြောင်း တွေ့ရှိပါက အရေးကြီးကုန်စည် ဥပဒေပုဒ်မ(၅)အရ အရေးယူခံရမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-ဖ)



## မွေးကင်းစကလေးများကို အိပ်ရေးမဝလျှင် အာရုံကြောထိခိုက်ပျက်စီးစေနိုင်သည်ဟု ဆို



အိပ်စက်ခြင်းသည် လူတို့၏ကျန်းမာရေးအပေါ် မွေးကင်းစမှ မသေဆုံးမီအချိန်တိုင်အောင် အကျိုးသက်ရောက်စေသဖြင့် အလွန်အရေးကြီးကြောင်း အိပ်စက်ခြင်းသုတေသီများ မှတ်ချက်ချကြသည်။

အိပ်စက်ခြင်းသည် ဦးနှောက်အာရုံကြောစနစ်တို့နှင့် တိုက်ရိုက်ဆက်နွှယ်လျက်ရှိရာ အထူးသဖြင့်မွေးကင်းစကလေးသူငယ်များ အိပ်ရေးမဝလျှင် အာရုံကြောထိခိုက်ပျက်စီးစေနိုင်သည်ဟု အမေရိကန်သုတေသီများမကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့သည်။

ဦးနှောက်အတွင်းပိုင်းစတင်ဖွံ့ဖြိုးစအရွယ်တွင် အိပ်ရေးပျက်ခြင်းက ကလေးသူငယ်များ၏ အာရုံကြောစနစ်ကို ချွတ်ယွင်းစေရာမှ အော်တစ်ဇင်ခေါ် ဦးနှောက်ထိခိုက်မှု ပြဿနာကြုံတွေ့လာစေနိုင်မည်ဖြစ်သည်ဟု ဦးဆောင်သုတေသီ ယူအင်နိစီဆေးကျောင်းမှ ဆဲလ်ဇီဝဗေဒဌာန လက်ထောက်ပါမောက္ခဂရေဟမ်ဒီရင်းက ရှင်းလင်းပြောကြားကြောင်း သိရသည်။


(SCI)

## Tulsa King တွင် Stallone ပါဝင် လက်စွမ်းပြထား

၂၀၂၄ခုနှစ်တွင် ထွက်ရှိထားသည့် Tulsa King တွင် မင်းသားကြီး စတားလုံးပါဝင်၍ လက်စွမ်းပြသထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

နယူးယောက်မြို့မှ မာဖီးယား လူမိုက်ကြီး ထောင် ၂၅ နှစ်ကျ၍ ပြန်လွတ်လာသောအခါ အဖွဲ့ထဲမှ နှင်ထုတ်လိုက်၍ နယ်ဘက် အိုကလားဟိုးမားပြည်နယ် Tulsa ကို ပို့ခဲ့ရာမှ အသစ်တစ်ဖန်ပြန်စ၍ အင်အားကြီးဂိုဏ်းတစ်ခု ဖန်တီးကာ ပြန်လည်ရင်ဆိုင်ရန် ကြိုးစားခဲ့ပုံများကို ရိုက်ကူးတင်ပြထားရာ စတားလုံး၏ လက်စွမ်းပြကွက်များ ပါဝင်ထားသည်။

မာဖီးယားဖြစ်သည်နှင့်အညီ အပြောသွေးအေးပြီး လက်သံပြောင်ချက်ကောင်းမှုကြောင့် တစ်ကျော့ပြန် စတားလုံးကို ပရိသတ်အားပေးထားကြရာ IMdb 8.4 ရရှိသည်အထိ အောင်မြင်မှုရရှိထားသည်။ (SKY)




# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Jessi က ပွင့်လင်းသောစိတ်နှင့် ရင်ဖွင့်စကား ပြောကြား

အမေရိကန် ကိုရီးယားနွယ်ဖွား ဟစ်ဟော့အဆိုတော်ဂျက်ဆီသည် လိမ်ပြောရသည်ကို မနှစ်မြို့ဘဲ ပွင့်လင်းသောစိတ်ရှိကာ သူ၏ရင်ဖွင့်စကားပြောကြားထားသည်ကို ပရိသတ်နားမလည်နိုင်အောင် ဖြစ်ခဲ့ကြရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ဂျက်ဆီက သူ၏ခွဲစိတ်ပြုပြင်မှုများအကြောင်း ပြောကြားရာတွင် ရင်သားပြင်၍ နှုတ်ခမ်း Filler ထည့်ထားသည်ဟု ပွင့်လင်းစွာ ထုတ်ပြောထားသည့်အပြင် This is My Body My Choice My Rules ဟုပါ ဆိုသည်။

ဂျက်ဆီက ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်နိုင်သည်။ သို့သော်လည်း ဆေးလိပ်၊ အရက်သောက်ကြည့်ကာ အိမ်ထောင်လည်းပြုချင်သည်။ ကလေးလည်း မွေးချင်သည်ဟု ရင်ဖွင့်ပြောကြားသွားသည်။

(SKY)

## Queen of Tears (၂၉)ကြိမ်မြောက် အာရှရုပ်သံဇာတ်လမ်းတွဲဆုတွင် ဆန်ခါတင် ပါဝင်

(၂၉)ကြိမ်မြောက် အာရှရုပ်သံဇာတ်လမ်းတွဲဆုစာရင်းတွင် ကိုရီးယားဇာတ်လမ်းတွဲ Queen of Tears, Lovely Runner နှင့် Doctor Slump ဇာတ်ကားများ ဆန်ခါတင်စာရင်းတွင် ပါဝင်ခဲ့သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဆန်ခါတင်စာရင်းကို အောက်တိုဘာ ၁၆ ရက်က ထုတ်ပြန်ကြေညာထားရာ ကင်ဆိုဟွမ်နှင့် ကင်ဝမ်ဂျီတို့၏ Queen of Tears မြောင်ဂူဆွတ်နှင့် ကင်ဟေယွန်းတို့၏ Lovely Runner နှင့် Doctor Slump, The Atypieal Family နှင့် အခြားရုပ်သံများလည်း ပါဝင်ထားကြသည်။

ယင်းဇာတ်ကားများနှင့် ပတ်ဂျီအွန်းက အကောင်းဆုံးဇာတ်ညွှန်း (Queen of Tears) မြောင်ဂူဆွတ်က ဒရမ်ဇာတ်ဝင်တေးအမျိုးအစားနှင့် စာရင်းဝင်ခဲ့သည်ဟု အနုပညာတာဝန်ခံက ထုတ်ဖော်ပြောကြားထားသည်။

(SKY)






## Wang Yibo ကို Business of Fashion (BOF) မှ ၂၀၂၄ခုနှစ်အတွက် ကမ္ဘာ့ဖက်ရှင်ကို လွှမ်းမိုးသူအဖြစ်ရွေးချယ်

ကမ္ဘာ့ဖက်ရှင်လောကတွင် ထင်ရှားကျော်ကြားသည့် BOF က ၂၀၂၄ခုနှစ်အတွက် BOF 500 Class of 2024 စာရင်း ကမ္ဘာ့ဖက်ရှင်နယ်ပယ်ကို လွှမ်းမိုးမှု အရှိဆုံးပုဂ္ဂိုလ်များစွာ စာရင်းတွင် တရုတ်အနုပညာရှင်တစ်ဦးတည်းသော ဝမ်ရိဘိုကို ရွေးချယ်ခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါစာရင်းတွင် ကမ္ဘာ့ဖက်ရှင်လောကအတွင်း ဦးဆောင်နိုင်စွမ်း၊ ဖန်တီးနိုင်စွမ်း၊ ဆန်းသစ်ပြောင်းလဲနိုင်စွမ်းတို့ကို အခြေခံ၍ နိုင်ငံပေါင်း ၂၆နိုင်ငံမှ ရွေးချယ်ခဲ့ရာ တစ်ဦးတည်းသော တရုတ်အနုပညာရှင် ဝမ်ရိဘိုပါဝင်ခဲ့သည်။

ဝမ်ရိဘိုသည် ၂၀၂၄ခုနှစ်အတွင်း ဖက်ရှင်ပွဲသုံးကြိမ်တက်ရောက်ခဲ့ပြီး ကုန်အမှတ်တံဆိပ်များစွာ၏ အနုပညာသံတမန်ဖြစ်ကာ တရုတ်သရုပ်ဆောင် တေးရေး အဆိုတော် မော်တော်ဆိုင်ကယ်ပြိုင်ပွဲဝင်သာမက အကထူးချွန်၊ ကားမောင်းပြိုင်ပွဲအထိ အနုပညာနှင့်အားကစား လောကကို လွှမ်းမိုးထားနိုင်သူ ဖြစ်သည်ဟု ဖော်ပြထားသည်။

ဝမ်ရိဘို၏ 'တောင်တက်တယ်ဆိုတာ လူ့ဘဝနဲ့အတော်ဆင်တူတယ် သွားကြည့် သွားလိုက်ရတာ အလကားလမ်းမျိုး မရှိဘူး' ဆိုသည့်စကားနှင့်အညီ ဝမ်ရိဘို လှမ်းသောခြေလှမ်းတိုင်း ပန်းပွင့်ခဲ့သည်။ (SKY)

## SNSD မှ Soo Young ပျော်ရွှင်ဖွယ် အချစ်ရေးတည်ဆောက်ထား

ကေပေါ့ပ် SNSD မှ ဆူယောင်သည် ချစ်သူနှင့် ကာလရှည်ကြာစွာ ပျော်ရွှင်ဖွယ်အချစ်ရေးကို တည်ဆောက်ထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆူယောင်သည် ချစ်သူ သရုပ်ဆောင်မင်းသား ဂျောင်ကွမ်ဟိုနှင့် ၂၀၁၂ ခုနှစ်မှစတင်တွဲခဲ့ကာ ချစ်သူသက်တမ်း ၁၂နှစ်ရှိပြီဖြစ်ပြီး ပျော်ရွှင်ဖွယ် အချစ်ရေးကို တည်ဆောက်ထားသည်။

ချစ်သူနှစ်ဦးအားလပ်ချိန်တွင် နိုင်ငံခြားခရီးစဉ်များအတူထွက်၍ လည်ပတ်ခဲ့ကြပြီး ဘဝလက်တွဲဖော်အဖြစ် ရည်မှန်းထားကြကာ၊ ဂျောင်ကွမ်ဟိုက အကောင်းဆုံးသရုပ်ဆောင်ဆုရမှ လက်ထပ်ခွင့်တောင်းရန် ရည်ရွယ်ထားသော်လည်း အစီအစဉ်ပြောင်းလဲခဲ့သည်။

သူတို့နှစ်ဦး၏ အချစ်ရေးသတင်းကို အသိပေးစဉ်က ဝေဖန်မှုများစွာကြုံခဲ့ရသော်လည်း လက်ရှိ လွတ်လပ်စွာ သွားလာ၍ အချစ်များနှင့် ထုံမွမ်းထားသည်။

(SKY)

0-0-0-0-0-0-0



## 2 NE1 အဖွဲ့ You Quiz On The Block တွင် ပါဝင်

ကေပေါ့ပ်ကမ္ဘာကျော် တူးအင်န်အီးဝမ်းအဖွဲ့ဝင်များက You Quiz On The Block ရသစုံအစီအစဉ်တွင်ပါဝင်ထား၍ ပရိသတ်စိတ်ဝင်စားနေကြကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တူးအင်န်အီးဝမ်းအဖွဲ့ဝင်များကို ဂီတဖျော်ဖြေပွဲအပြီး လေးဦးစုံညီစွာ ရုပ်သံအစီအစဉ်တွင် ပထမဆုံးအကြိမ်မြင်တွေ့ကြရမည်ဖြစ်သည်။

ဖက်ရှင်စတိုင်လ်သစ်များနှင့်

တူးအင်န်အီးဝမ်းအဖွဲ့ဝင်များက အနက်ရောင်ဝတ်စုံများနှင့် လှပတက်ကြွလန်းဆန်းနေကြကာ ပတ်ဘွန်း၏ ဝတ်စုံနှင့် ဖက်ရှင်စတိုင်လ်မှာ ပရိသတ်ကြား ရေပန်းစားခဲ့သည်။

အဖွဲ့ဝင် စီအယ်လ်၊ ဒါရာခေါ် စန္ဒြာပတ်နှင့် မင်ယူတို့မှာလည်း ဖက်ရှင်သစ်များနှင့်အတူ တွေ့ရပြီး သီချင်းသစ်အကြောင်း ဆွေးနွေးခဲ့ကြသည်။

(SKY)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ တိုင်းပြည် သာယာဝပြောရေးဆိုသည်မှာ တည်ငြိမ်အေးချမ်းမှုရှိပြီး ပြည်သူပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# မန္တလေးတိုင်းဒေသကြီး ကနဦး လိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**မန္တလေး အောက်တိုဘာ ၃၁**

သဘာဝဘေးဖြစ်ပွားပြီးနောက် မန္တလေးတိုင်းဒေသကြီးအတွင်း ထိခိုက်ပျက်စီးမှုများနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် သဘာဝဘေးအန္တရာယ် ရာဂီမုန်တိုင်း၏ အကျိုးသက်ရောက်မှုကြောင့် တိုင်းဒေသကြီးအတွင်း ထိခိုက်ပျက်စီးမှုများနှင့် စပ်လျဉ်း၍ ကနဦး လိုအပ်ချက်စစ်တမ်းကောက်ယူရေး ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့အနေဖြင့် လမ်းညွှန်ချက်များနှင့်အညီ ပျက်စီးဆုံးရှုံးမှုဆိုင်ရာ စာရင်းအင်း၊ ကိန်းဂဏန်း၊ အချက်အလက်များ မှန်ကန်မှုရှိစေရေး၊ အချိန်နှင့် တစ်ပြေးညီပေးပို့တင်ပြနိုင်ရေးတို့ကို သက်ဆိုင်ရာ တိုင်းအဆင့် တာဝန်ခံများက အလေးထား တာဝန်ယူဆောင်ရွက်သွား ကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



## ရေထွက်ကျောက်ခေါင်း(လင်းဝေး)ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် မေလတွင် ပြဋ္ဌာန်းသည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၉ ၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံး၍ ရှမ်းပြည်နယ်တောင်ကြီးခရိုင် ရွာငံမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၄၇၅ ဧကရှိသော နယ်မြေကို "ရေထွက်ကျောက်ခေါင်း(လင်းဝေး)ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ"အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၉၃/၂၀၂၄)အရ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၈)ရက်(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။



စာမျက်နှာ ၅ သို့ ✱

## ကွာတားဖိုင်နယ်အဆင့်သို့ ရှမ်းယူနိုက်တက်အသင်း တက်ရောက်ခွင့်ရရှိ

အာရှဘောလုံးအဖွဲ့ချုပ် ကလပ်အသင်း ပြိုင်ပွဲတစ်ရပ်ဖြစ်သည့် AFC Challenge League 2024-25 ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ရှမ်းယူနိုက်တက်အသင်းက တက်ရောက်ခွင့်ရရှိခဲ့ပြီးဖြစ်သည်။

AFC Challenge League 2024- 25 ပြိုင်ပွဲကို အနောက်အာရှဇုန်တွင် အုပ်စုသုံးခု၊ အရှေ့အာရှဇုန်တွင် အုပ်စုနှစ်ခုခွဲ၍ ကျင်းပလျက်ရှိသည်။ ပြိုင်ပွဲကျင်းပသည့် ပုံစံအရ အရှေ့အာရှဇုန်အုပ်စုနှစ်ခု တွင် သုံးသင်းစီပါဝင်ကာ အမှတ်အများဆုံးရရှိသည့် နှစ်သင်းစီ နောက်တစ်ဆင့်သို့ တက်ရောက်ခွင့်ရရှိပြီး ကွာတားဖိုင်နယ်တွင် အရှေ့အာရှဇုန်အသင်း အချင်းချင်းသာ တွေ့ဆုံမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် AFC Challenge League 2024-25 ပြိုင်ပွဲ အရှေ့အာရှဇုန် အုပ်စု(D)တွင် Young Elephants အသင်း၊ Tainan City FC အသင်းတို့နှင့် ကျရောက်ခဲ့သည်။ စာမျက်နှာ ၅ သို့ ➤

